မြဝတီ နေ့စဉ်
ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ
www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၅)၊ အမှတ်(၃၂)
၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်၊ အင်္ဂါနေ့

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည်နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန်လိုအပ်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊

**စာမျက်နှာ ၁၆ ကော်လံ ၁✯**



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်)

# နိုင်ငံအတွက် သားကောင်းရတနာများ

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သည်။ ထိုတာဝန်သည် မြန်မာနိုင်ငံအတွင်း ရှေးနှစ်ပေါင်းများစွာကတည်းက နေထိုင်ကြသူအဆက်ဆက်က ထမ်းဆောင်ခဲ့ရသည့်တာဝန်ဖြစ်သည်။ ထိုသို့ခေတ်အဆက်ဆက်နိုင်ငံသားများက ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့်နည်းတူ လက်ရှိမျိုးဆက်သစ်နိုင်ငံသားများအနေဖြင့် ဆက်လက်၍တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် နိုင်ငံတစ်နိုင်ငံ၏ဧရိယာအကျယ်အဝန်းနှင့် နယ်မြေပိုင်ဆိုင်ရေးအတွက် လူသားတို့ကြိုးပမ်းခဲ့ကြရသလို မိမိတို့ပိုင်ဆိုင်ထားသည့်နိုင်ငံအမည် မကွယ်ပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြသည်။ ထိုသို့ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူသောအမည်သည် ခိုင်မာစွာရပ်တည်နေနိုင်ခြင်းဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ တပ်မတော်တစ်ရပ်တည်း၏တာဝန်မဟုတ်ဘဲ နိုင်ငံသားအားလုံးက နိုင်ငံချစ်စိတ်ဖြင့်ပါဝင်ထမ်းဆောင်ရမည့်တာဝန်ဖြစ်သည်။ လက်ရှိကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေများအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်သိစိတ်ဖြင့် နိုင်ငံအတွင်းမှီတင်းနေထိုင်သူ အရွယ်ရောက်သူမှန်သမျှသည် မိမိနိုင်ငံကိုမိမိတို့ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ယခင်ကတည်းက အတည်ပြုပြဋ္ဌာန်းထားရှိပြီးဖြစ်သော ပြည်သူ့စစ်မှုထမ်းဥပဒေကို လက်တွေ့ကျင့်သုံးခြင်းဖြစ်သည်။ လူငယ်ဆိုသည်မှာ စိတ်ဓာတ်၊ ခွန်အားပြည့်ဝသောအရွယ်ဖြစ်သည်။ လူငယ်တိုင်းသည် သတ္တိနည်းသူများမဟုတ်သည့်အပြင် လက်တွေ့နယ်ပယ်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ရသည့်အခါတွင်လည်း စိတ်ဓာတ်စွမ်းအား၊ ကိုယ်ခန္ဓာခွန်အားများပြည့်ဝလာကြသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရခြင်းကို ဂုဏ်ယူဖွယ်ကောင်းသည့်နိုင်ငံ့တာဝန်တစ်ခုဟုသိမြင်လာသည်။ စိတ်ဓာတ်ကောင်းများပေါ်ထွန်းလာသည်။ စည်းကမ်းတကျသွားလာနေထိုင်တတ်လာကြသည်။ စည်းကမ်းနှင့်ပတ်သက်၍ တားမြစ်ထားသည်ကိုမလုပ်ဆောင်ခြင်း၊ တိုက်တွန်းထားသည်ကိုလုပ်ဆောင်ခြင်းဖြင့် မိမိအတွက်အကျိုးရှိလာမှန်းသိရှိလာကြသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲများတွင် နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူရခြင်းကြောင့် နိုင်ငံနှင့်လူမျိုးအပေါ်သစ္စာစောင့်သိသောစိတ်ဓာတ်များဖြစ်ပေါ်လာသည်။ မည်သည့်အဖွဲ့အစည်းမဆိုစည်းလုံးညီညွတ်မှုရှိမှသာ အရာရာကိုအောင်မြင်မည်ဖြစ်၍ စည်းလုံးမှုသည်အလွန်ပင်အရေးကြီးလှသည်။ စည်းလုံးမှုနှင့်အတူ စွမ်းရည်သုံးရပ်ပြည့်စုံလာသည်။

အရွယ်ရောက်သူနိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့တက်ရောက်သင်ကြားလျက်ရှိသည်။ သင်တန်းများတွင် ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များအား အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းဖွင့်ပွဲနှင့် ဆင်းပွဲအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပလျက်ရှိသည်။ သင်တန်းကျောင်းများအလိုက် ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်လျက်ရှိသည်။

တပ်မတော်က လေ့ကျင့်သင်ကြားပေးသည့်ပညာရပ်များသည် နိုင်ငံတော်အတွက်သာမက ၎င်းတို့တစ်ဦးချင်းစီအတွက်လည်း တစ်သက်တာအသုံးပြုနိုင်သည့်ပညာရပ်များဖြစ်သည်။ စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်ကာ တပ်မတော်၏ဂုဏ်ကိုမြှင့်တင်မည့်သူများကို မွေးဖွားပေးခြင်းလည်းဖြစ်သည်။ နိုင်ငံ့သားကောင်းစစ်သည်များအဖြစ် အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့်အလေ့အကျင့်များ(Teamwork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Spirit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps)အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြရမည်ဖြစ်သည်။

မတူညီသောအရပ်ဒေသ၊ မတူညီသောစိတ်ဓာတ်များဖြင့် နယ်ပယ်အသီးသီးမှရောက်လာကြသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ပြီးချိန်တွင် ရည်ရွယ်ချက်၊ ခံယူချက်နှင့် နိုင်ငံတော်ကာကွယ်ရေးဟူသော တစ်ခုတည်းသောစိတ်ဓာတ်များတူညီသွားကြသည်။ နိုင်ငံအတွက် အဖိုးတန်သားကောင်းရတနာများဖြစ်လာကြသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ နိုင်ငံသားတိုင်းထမ်းဆောင်ရမည့် တာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်နေမည်ဖြစ်ပေရာ အဖိုးတန်သောယောကျ်ားမြတ်များ၊ နိုင်ငံ့အတွက်သားကောင်းရတနာများကို နိုင်ငံတော်နှင့် ပြည်သူများက ကြိုဆိုလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ခရိုင်အဆင့် အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်မွမ်းမံဆွေးနွေးပွဲကျင်းပ

**မြိတ် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အလယ်ကျွန်းနယ်မြေ ကြောင်ငယ်ရပ်ကွက် ကျောင်းလမ်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာမွန်ခန်းမ၌ မေလ ၁၈ ရက် နံနက်ပိုင်းတွင် ခရိုင်အဆင့် အခြေခံပညာအထက်တန်းအဆင့် (Grade-10, Grade-11) ဘာသာရပ်မွမ်းမံဆွေးနွေးပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဦးသန်းထိုက်က ဆွေးနွေးပွဲကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မွမ်းမံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နည်းပြအဖြစ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှအထက်တန်းပြဆရာမ ဒေါ်လှရွှေပါဝင်သည့် ဆရာ၊ ဆရာမ ၃၅ ဦးက ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး မြိတ်ခရိုင်အတွင်းရှိ အထက်တန်းကျောင်းများမှ သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမ ၅၂၅ ဦးတို့အား မေလ ၁၈ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြိတ်ခရိုင်ပညာရေးမှူး ဦးသန်းထိုက်နှင့် မြိတ်ခရိုင်အတွင်းရှိ စာသင်ကျောင်းများမှ အထက်တန်းပြ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြကြောင်းသိရသည်။ (၄၁၂)

# စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ကုလားပဲစိုက်ဧကများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် ကုလားပဲစိုက်ဧကများရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

စစ်ကိုင်းမြို့နယ်၌ ကုလားပဲသီးနှံ ၂၆၉၁၁ ဧကအထိစိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးထားသောကုလားပဲစိုက်ခင်းများကို ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပြီး တစ်ဧကလျှင် ၂၃ ဒသမ ၅၁ တင်းထွက်ရှိသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ထရိုင်ကိုဒါးမားအကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်းစိုက်ပျိုးနိုင်ခြင်းကြောင့် တောင်သူများအတွက် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်သည်။ (၄၀၉)

## သဖင်(FM)အသံလွှင့်အစီအစဉ်

၂၀-၅-၂၀၂၅(အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည် | ၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ လှပကျန်းမာ | ၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ Speech On Air | ၆။ ၂၁:၂၀ Memory Box |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုနှစ် သရက်သီးပေါ်ချိန်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့မှထွက်ရှိသော စိန်တစ်လုံးသရက်သီးများ အရောင်းအဝယ်သွက်နေ



မန္တလေး မေ ၁၉

ယခုနှစ် သရက်သီးပေါ်ချိန်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်တချို့မှထွက်ရှိသော စိန်တစ်လုံးသရက်သီးများ ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ သိရသည်။

ပြီးခဲ့သည့် ဧပြီလနှောင်းပိုင်းမှစ၍ မန္တလေးဈေးကွက်သို့ ရာသီပေါ်သီးနှံဖြစ်သော သရက်သီးများ စတင်ဝင်ရောက်လာပြီး ယခုအခါ ပြည်တွင်းပြည်ပမှ ဝယ်လိုအား ကောင်းနေသည့်အတွက် အရောင်းအဝယ်သွက်လျက်ရှိသည်။ ထိုသို့ဝင်ရောက်လာသော သရက်သီးများအနက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ် စသည့်ဒေသများမှထွက်ရှိသော စိန်တစ်လုံးသရက်သီးများ ဈေးကောင်းရရှိနေခြင်းဖြစ်သည်။

"အခုချိန်က ပြည်တွင်းမှာ သရက်သီးတွေစပေါ်တဲ့အချိန်ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ ပုသိမ်ကြီး၊ စဉ့်ကိုင်မြို့နယ်တွေက သရက်သီးအများအပြားထွက်ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးရဲ့ ရာသီဥတု၊ ရေမြေအနေအထား၊ သဘာဝပတ်ဝန်းကျင် စတဲ့အခြေအနေတွေကြောင့် မန္တလေးတိုင်းဒေသကြီးကထွက်ရှိတဲ့ စိန်တစ်လုံးသရက်သီးတွေက ပြည်တွင်းမှာ အကောင်းဆုံးပါပဲ"ဟု မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။

အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာမှထွက်ရှိသော စိန်တစ်လုံးသရက်သီးများသည် အနံ့၊ အရသာနှင့် အရည်အသွေးအကောင်းဆုံးဖြစ်ကြောင်း၊ ပြည်တွင်း၌ သရက်သီးစပေါ်ချိန်သည် ဒေသတစ်ခုနှင့်တစ်ခု ရက်အနည်းငယ်ကွာခြားမှုရှိပြီး မကြာမီရက်ပိုင်းအတွင်း စစ်ကိုင်းတိုင်းဒေသကြီးမှ သရက်သီးများ စတင်ထွက်ပေါ်လာမည်ဖြစ်ကာ ဈေးကွက်အတွင်း ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်များက ပြည်တွင်းမှထွက်ရှိသောသရက်သီးများကို ပြည်ပသို့တင်ပို့ရာတွင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနှင့် စင်ကာပူနိုင်ငံတို့သို့ အဓိကထားတင်ပို့ခဲ့ရပြီး ယခုနှစ်တွင် ရုရှားနိုင်ငံမှလည်း မြန်မာ့သရက်သီးများကို မှာယူမှုရှိကြောင်း သိရသည်။

ဆောင်းဦး

---

# ငပုတောမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော မတ်ပဲ ၂၃၀၂ ဧက ရိတ်သိမ်းပြီးစီး

ငပုတော မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၂၃၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောကြားချက်အရ သိရသည်။

ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ငပုတောမြို့နယ်၌ မတ်ပဲ ၂၃၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့စိုက်ပျိုးခဲ့သောမတ်ပဲများကို မတ်လဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်းနှင့် တစ်ဧကလျှင် ၂၂ ဒသမ ၅၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ ဆောင်းသီးနှံ မတ်ပဲ ၂၃၀၂ ဧကအထိ လျာထားစိုက်ပျိုးခဲ့တာ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက မတ်ပဲတွေ အခက်အခဲမရှိ အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ သက်ဆိုင်ရာဌာနအသီးသီးကလည်း သီးနှံတွေစိုက်ပျိုးနိုင်ဖို့ လိုအပ်သလို ချိတ်ဆက်ကူညီပေးခဲ့ပါတယ်။ ဒါကြောင့် လျာထားချက်အတိုင်း ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ခဲ့တာဖြစ်ပါတယ်" ဟု ဦးဆန်းဝင်းကပြောသည်။

ငပုတောမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲအပါအဝင် ဆောင်းသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးအတွက် တောင်သူအသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သုတကျော်

---

# မိတ္ထီလာမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် ပျိုးပင်ပေါင်း ၉၀၀၀၀ အခမဲ့ဖြန့်ဝေပေးမည်

မိတ္ထီလာ မေ ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် ပျိုးပင်ပေါင်း ၉၀၀၀၀ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ဒေသအတွင်း သစ်တောများ ရေရှည်တည်တံ့စေရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် ပြည်သူလူထု၏လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် ပျိုးပင်များပျိုးထောင်ထားပြီး ပြည်သူလူထုထံ အခမဲ့ဖြန့်ဝေခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးရာသီတွင်လည်း ပျိုးပင်ပေါင်း ၉၀၀၀၀ ကို အခမဲ့ဖြန့်ဝေပေးရန်စီစဉ်ထားကြောင်း သိရသည်။

“မိတ္ထီလာမြို့နယ် မြို့မပျိုးဥယျာဉ်မှာ ပျိုးပင်ပေါင်း ၉၀၀၀၀ ပျိုးထောင်ထားပြီး ဒီနှစ်မိုးရာသီမှာ အခမဲ့ဖြန့်ဝေပေးပါမယ်။ အဓိကပျိုးပင်တွေကတော့ ကုက္ကို၊ စိန်ပန်း၊ မဲဇလီ၊ သပြေဘူတ၊ မန်ကျည်း စတဲ့ပျိုးပင်တွေဖြစ်ပြီး စုစုပေါင်းအပင်အမျိုးအစား ၁၅ မျိုးလောက်ပါဝင်ပါတယ်။ အဲဒီပျိုးပင်တွေကို ဒီနှစ်မိုးရာသီမှာ အခမဲ့ဖြန့်ဝေပေးမှာဖြစ်လို့ ဘယ်သူမဆို အခမဲ့လာယူလို့ရပါတယ်" ဟု မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကိုကိုမောင်ကပြောသည်။

အဆိုပါပျိုးပင်များတွင် ကုက္ကိုပင် ၁၄၀၀၀၊ စိန်ပန်းပင် ၁၀၀၀၀၊ သပြေဘူတပင် ၁၁၀၀၀၊ မဲဇလီပင် ၁၂၀၀၀၊ မန်ကျည်းပင် ၁၂၀၀၀၊ တမာပင် ၅၀၀၀၊ ယူကလစ်ပင် ၃၀၀၀၊ ရင်းမာပင် ၅၀၀၀၊ ရေတမာပင် ၁၅၀၀၊ ဒဟတ်ပင် ၃၀၀၀၊ ဗာဒံပင် ၅၀၀၀ ပင်၊ စိန်တံချူပင် ၃၅၀၀၊ မည်စည်ပင် ၁၀၀၀၊ ဆီးပင် ၃၅၀၀ နှင့် မာတာကွတ်ပင် ၅၀၀ တို့ပါဝင်သည်။

မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း စိမ်းလန်းစိုပြည်စေရေးနှင့် ပြည်သူလူထု၏လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိန်တောကြိုးပြင်ကာကွယ်တော၌ ဘက်စုံသုံးစိမ်းလန်းစိုက်ခင်း ဧက ၃၀၊ မုန်တိုင်းတိုးချဲ့ကြိုးဝိုင်း၌ ရေဝေရေလဲစိုက်ခင်းဧက ၄၀ နှင့် ကျေးရွာသုံးရွာ၌ ထင်းစိုက်ခင်းခြောက်ဧကတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ဖလံကျင်းကြိုးဝိုင်း၌လည်း သီးနှံသစ်တောရောနှောစိုက်ခင်း ခြောက်ဧကစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

### ပါးရှားသောအလှည့်၌ပျော်ပုံ

ကျွန်ုပ်၏တစ်သက်တာအဖြစ်အပျက်များကို ပြန်ပြောင်းဆင်ခြင်သည့်အခါ ထူးဆန်းသောအခြင်းအရာတစ်ခု တွေ့ရှိရသည်မှာကား ကောင်းချင်သောအစိတ်အပိုင်းတွင် တစ်ဆက်တည်းကောင်းနေတတ်၍ ပျော်ချင် (မိုက်ချင်) သောအခါတွင်လည်း ဘယ်သူကပြော၍မျှ သတိမရဘဲ တောက်လျှောက်ပျော်၍နေတတ်ခြင်းပင်ဖြစ်သည်။ တစ်ရက်စီ၊ တစ်လစီမဟုတ်။ နှစ်ပေါက်အောင် တစ်ဆက်တည်းကောင်းတတ်၍ နှစ်ပေါက်အောင်လည်း ပျော်ချင်ပါးချင်မိသည်။ တရားဘက်သို့ တိမ်းညွတ်သောအလှည့်၌ နေ့ရောညပါ စိတ်အားထက်သန်စွာအားထုတ်၍ လှူဘောင်မှစွန့်ခွာသည်အထိ ဖြစ်သွားခဲ့ဖူးရာ ပျော်မိလျှင်လည်း တော်တော်နှင့်အရှိန်သတ်မရအောင် ဖြစ်သွားတတ်၏။ ဤသို့ဖြစ်ရခြင်းမှာလည်း ကျွန်ုပ်၏စိတ်အလိုသက်သက်မဟုတ်ဘဲ ပတ်ဝန်းကျင်အခြေအနေကပင် ဖန်တီးပေးခြင်းကို တွေ့ရသည်။ ရန်ကုန်သို့ ကိုသိန်းဖေရောက်လာကတည်းက အခြေအနေက ဖန်တီးပုံမှာ စာရေးဖို့အလုပ်များသည် ကျွန်ုပ်နှင့်လွဲချော်လျက်ရှိ၏။ ကျွန်ုပ်၏လက်သို့ ရောက်နေကျဖြစ်သောအလုပ်များသည် မရောက်လာဘဲရှိရာတွင် နှစ်ပေါင်း ၂၀ ခန့်မျှ စာရေးလာခဲ့သည့်အတွက် ကျွန်ုပ်ကလည်း အလုပ်နောက်သို့လိုက်၍မရှာချင်သော မာနကလေးရှိ၏။ ဤတွင် ခပ်ပျင်းပျင်းရှိသည်နှင့် ပိုကာဆွဲကြည့်ရာ ကစားတိုင်းနိုင်သည်ကို တွေ့ရ၏။ တစ်ချပ်မှ နှစ်ပြားနှုန်းသာလောင်းကစားကြသော ထိုခေတ်၌ များများမနိုင်သော်လည်း တစ်နေ့ လေးငါးကျပ်လောက်ကို သေချာပေါက်နိုင်၏။

ငါးကျပ်ဆိုသောငွေမှာ ဤခေတ်တွင် ဆိုက်ကားသမားများပင် ရနိုင်သော်လည်း ထိုခေတ်ငွေနှင့် မတူတော့ချေ။ ငွေငါးကျပ်ဖြင့် ကျွန်ုပ်သည် စားစရာနှင့် အိမ်လခအပြင် ကိုသိန်းဖေနှင့် ကိုခင်မောင်တင့်တို့အား ခေါင်ရည်နှင့်ကြက်ခြေထောက်ရိုးမျှလောက်ကို ဝဝကြီးတိုက်နိုင်၏။ ကြည့်မြင်တိုင် ဗောတံတားကြီးပေါ်၍ နေဝင်ရီတရောအချိန်များတွင် 'ဦးရည်' နှင့် ကြက်ခြေထောက်ရိုး၊ အမဲခြောက်ကြော်အမြည်းများဖြင့် သုံးယောက်သား သောက်စားကြခြင်းများမှာလည်း ပါးရှားသောအလှည့်၌ ပျော်ပါးနည်းအနေဖြင့် မမေ့နိုင်သောအကျင့်တစ်ခုဖြစ်ပါတော့သည်။ တတ်နိုင်သောအလှည့်အပတ်တွင် ဟိုတယ်ပန်ကာအောက်၌ ဖွေးဖွေးဖြူသောစားပွဲခင်းပေါ်တွင် ကြည်လင်သောဖန်ခွက်ထဲသို့ သော့တံဆိပ်ဘီယာကိုငှဲ့ထည့်၍ အမြှုပ်တဖွေးဖွေးထလျက်ရှိစဉ် ချိစ်ဆင်းဒွစ်ချ်ကို ဝါးလျက် အမြှုပ်ထဲသို့ နှုတ်ခမ်းနှစ်ရသောဇိမ်လည်းတစ်မျိုး၊ ဗောတံတားပေါ်၌ လေတဖြူးဖြူးတိုက်ခတ်လျက်ရှိဆဲတွင် အုန်းမှုတ်ပဲ့ဖြင့် ခေါင်ရည်ကိုကျိုက်ချပြီး အမဲခြောက်တစ်ဖတ်လောက်ဝါးရသော ဇိမ်လည်းတစ်မျိုးဟု အောက်မေ့မိပါသည်။ ထိုသို့သောအဖြစ်မှ ဤသို့သောအဖြစ်သို့ လျှောဆင်းရချေသည်တကားဟု ဝမ်းနည်းပက်လက်မရှိ။ ကျွန်ုပ်အဖို့မှာ ဤမိတ်ဆွေနှစ်ယောက်ကြား၌ထိုင်ကာ ဆေးတံကလေးတဖွာဖွာနေရလျှင် အကြည်နူးကြီးကြည်နူးလျက်ရှိပါတော့သည်။ တစ်ခါတစ်ရံတွင် ထီးချိုင့်တောရကျောင်း၌ ဗုဒ္ဓဃောသအဖြစ်နှင့် စကြာံလျှောက်ရင်း တရားဓမ္မကို နှလုံးသွင်းခဲ့ဖူးသောအဖြစ်နှင့် ဗောတံတားပေါ်တွင် ခေါင်ရည်သောက်ပြီး ပေါက်ကရတွေပြောနေကြသောအဖြစ်သည် အင်မတန်ကြီးခြားနားလှသည်တကားဟု ကျွန်ုပ် သတိရမိ၏။ သို့သော် မှားလေသည်ဟု နောင်တရရသည်ဟူ၍ကားမရှိ။ တစ်နေ့နေ့၌ ငါသည် ယခင်အဖြစ်မျိုးသို့ ပြန်ရောက်ရဦးမည်ဟု တထစ်ချယုံကြည်လျက်ရှိသည်။ ဤစာကိုရေးလျက်ရှိသော ယခုအချိန်၌လည်း ထိုနည်းအတူ ယုံကြည်လျက်ပင်ရှိပါသည်။

> "ကျွန်ုပ်၏တစ်သက်တာအဖြစ်အပျက်များကို ပြန်ပြောင်းဆင်ခြင်သည့်အခါ ထူးဆန်းသောအခြင်းအရာတစ်ခု တွေ့ရှိရသည်မှာကား ကောင်းချင်သောအစိတ်အပိုင်းတွင် တစ်ဆက်တည်းကောင်းနေတတ်၍ ပျော်ချင် (မိုက်ချင်) သောအခါတွင်လည်း ဘယ်သူကပြော၍မျှ သတိမရဘဲ တောက်လျှောက်ပျော်၍နေတတ်ခြင်းပင်ဖြစ်သည်။ တစ်ရက်စီ၊ တစ်လစီမဟုတ်။ နှစ်ပေါက်အောင် တစ်ဆက်တည်း ကောင်းတတ်၍ နှစ်ပေါက်အောင်လည်း ပျော်ချင်ပါးချင်မိသည်. . ."

### လေးကောင်ဂျင် စမ်းကြည့်ခြင်း

တစ်ညနေ၌ ကျွန်ုပ်သည် ကိုသိန်းဖေ၊ ကိုခင်မောင်တင့်တို့နှင့်အတူ ဗောတံတားပေါ်၌ ခေါင်ရည်သောက်ပြီးကြသောအခါ လွန်ခဲ့သည့် ၁၀ နှစ်ခန့်လောက်က လမ်းမတော်ကလပ်များ၌ အနီထောင်လောင်းကစားခဲ့ကြဖူးခြင်းကို သတိရ၍ ကိုခင်မောင်တင့်အား မေးကြည့်ရာ ဤခေတ်တွင် အနီထောင်မရှိတော့။ လေးကောင်ဂျင်သာရှိကြောင်းပြော၏။ ကျွန်ုပ်သတိရလာသည်မှာ ငါသည် ပိုကာ၌ကံကောင်းလျှင် အခြားသောလောင်းကစားနည်းများ၌လည်း ကံကောင်းရမည်ဟုတွေးမိ၏။ သို့ဖြစ်၍ ပိုက်ဆံစုကြရာ ကိုသိန်းဖေထံမှ ငွေ ၁၀ ကျပ်၊ ကိုခင်မောင်တင့်ထံမှ ၁၂ ပဲ၊ ကျွန်ုပ်၏အိတ်ထဲမှ ငွေနှစ်ကျပ်ရှစ်ပဲရရှိလေသည်။ ၎င်းတို့ထံမှရှိသမျှကို တောင်းယူပြီး ကျွန်ုပ်တို့သည် လမ်းမတော်ကလပ်များသို့ သွားကြလေ၏။ ကလပ်တစ်ခုသို့ တက်ကြသောအခါ လေးကောင်ဂျင်ကစားနည်းမှာ အနီထောင်နှင့်အတူတူပင်ဖြစ်ကြောင်း ကျွန်ုပ်တွေ့ရ၍ ကစားပါတော့သည်။ ပထမ၌ သုံးလေးကြိမ်ဆက်၍တိုက်သဖြင့် ငွေ ၂၀ ကျပ်ခန့်နိုင်သည်တွင် ကိုသိန်းဖေက သုံးလောက်ပြီဆိုကာ တော်ချင်၏။ သို့သော် ကိုခင်မောင်တင့်က "ဒီလောက်ကလေး ဘာလုပ်ဖို့လဲဗျ" ဟုဆို၏။ ကျွန်ုပ်ကလည်း ကစားချင်သေးသည်နှင့် ဆက်၍ထိုး၏။ နောက်ဆုံး၌ အနိုင်ရော အရင်းပါ ပြောင်ပါတော့သည်။

တရုတ်ကလပ်များ၏ထုံးစံမှာ ရှုံးသောသူများအား ငွေ ၁၀၀ ကျပ်လျှင် ၁၀ ကျပ် (ပြန်စရိတ်ဆို၍) ပြန်ပေး၏။ သို့ဖြစ်၍ ကျွန်ုပ်က ငွေ ၁၂ ကျပ်ရှုံးကြောင်းပြော၍ စရိတ်တောင်းရာ တရုတ်က 'မစိဘူး' ဆိုကာ ရှစ်ပဲသာပေး၏။ (၁၀ ရာခိုင်နှုန်းပြန်ပေးသည်ဆိုသော်လည်း ငွေရင်းများများနှင့် ထင်ထင်ရှားရှားလောင်းကစားသည့် လက်ကြီးကစားသမားများအတွက် ဖြစ်ရာ ငါးကျပ်၊ ၁၀ လောင်းကစားသူများအားမူ အမှတ်အသားမရှိ၍ 'မစိဘူး' ဟုဆိုကာ ရှစ်ပဲမျှသာ ပေးလိုက်ခြင်းဖြစ်လေသည်။

### ကြွေတစ်လက် ကြက်တစ်ခုန်

ကျွန်ုပ်သည် တရုတ်ပေးသောရှစ်ပဲကို ယူ၍ ဝက်ပေါ်၌ အောထိုးလိုက်ရာ ဝက်ပင်ဖွင့်သည်နှင့် တစ်ကျပ်ရှစ်ပဲ (အကောက်နုတ် တစ်ကျပ်ခြောက်ပဲနှစ်ပြား) အလျော်ရ၍ စုစုပေါင်း တစ်ကျပ် ၁၄ ပဲ နှစ်ပြားဖြစ်လာ၏။ ဒုတိယအကြိမ် ဝက်ပေါ်၌ တစ်ကျပ်ကိုးပဲနှစ်ပြား ထိုးပြန်ရာ ဝက်ပင်ထွက်၍ လေးကျပ်ရှစ်ပဲအလျော်ရသဖြင့် ခြောက်ကျပ်တစ်ပဲနှစ်ပြားဖြစ်လာ၏။ (အောထိုး၍တိုက်လျှင် သုံးဆလျော်လေရာ အကောက်မှာ တစ်ကျပ်လျှင် တစ်ပဲယူလေသည်။) ထိုအခါ၌ ကျွန်ုပ်၏လက်ထဲတွင်ချန်ထားသော ပိုက်ဆံငါးပဲနှင့်ပေါင်းသော် စုစုပေါင်းခြောက်ကျပ်ခြောက်ပဲနှစ်ပြား ဖြစ်လာခဲ့လေပြီ။ တတိယအကြိမ်လည်း ဝက်ဇယားပေါ်၌ပင် ခြောက်ကျပ်ထိုး၍ အကောက်တွင် ခြောက်ပဲတင်လိုက်ရာ လက်ထဲတွင် ပိုက်ဆံနှစ်ပြားသာကျန်တော့သည်။

ပျော်နည်းအမျိုးမျိုးအနက် လောင်းကစားခြင်းတစ်ခု မတတ်သေးသော ကိုသိန်းဖေမှာ တရုတ်က ဂျင်ကိုဖုံးထားသည့်ခွက်ကို ဖွင့်သောအခါတွင် ရင်ခုန်လှသည်နှင့် မကြည့်ဝံ့ဘဲ မျက်နှာလွှဲ၍ထားရသည်ဆို၏။ သူပြော၍သာ သိရသည်။ ကျွန်ုပ်တို့ကား သူ့ကိုမကြည့်အားဘဲ ဂျင်ခွက်ကိုသာ ပြူး၍ကြည့်နေမိကြသည်။ လက်ရုပ်ဖွင့်တော့မည်ဟုဆိုကာ တရုတ်က ဖွင့်လိုက်ရာ ဝက်ပင်ထွက်လာ၍ လျော်ငွေ ၁၈ ကျပ်ရလာ၏။

အခြားသော ကစားသမားများလည်း တရုတ်ကပြန်ပေးသော ပိုက်ဆံရှစ်ပဲမှ ဖြစ်လာသည့် ငွေ ၂၄ ကျပ် ခြောက်ပဲဟု သိကြ၍ စိတ်ဝင်စားစွာနှင့် ကြည့်နေကြ၏။ ဤတွင် တရုတ်က မိမိပေးဖူးသော ပိုက်ဆံရှစ်ပဲကို လျော်ကြေးထဲမှနုတ်ယူလိုက်လေသည်။ နုတ်ယူခြင်းကား မတရားသည်မဟုတ်။ တရားသည်ဟုဆိုနိုင်ပါ၏။ သို့ရာတွင် တရုတ်၏ရည်ရွယ်ချက်မှာ ပိုက်ဆံရှစ်ပဲကို လိုချင်လှသောကြောင့်မဟုတ်။ ကစားသမားများ၏ထုံးစံအတိုင်း နံနိမ်လိုက်ခြင်းဖြစ်သည်ဟုဆို၏။

သုံးကြိမ်တိုင်တိုင် အောတိုက်၍ ငွေ ၂၄ ကျပ်ကျော်ဖြစ်လာသည်တွင် ကျွန်ုပ်သည် သူတို့ကို လှည့်၍တိုင်ပင်ရ၏။ မကစားဖူးသည့် ကိုသိန်းဖေက "သုံးလောက်ပါပြီဗျာ၊ တော်ရောပေါ့"ဟုပြောရာ ကစားသွေးကြီးသော ကိုခင်မောင်တင့်ကမူ "ထိုးသာထိုးပါဗျာ။ ဒီလောက်နဲ့ ဘာလုပ်ဖို့လဲ" ဟုပြော၏။ ပြောမည့်သာပြောသည်။ ကိုခင်မောင်တင့်မှာ ထိုအချိန်၌ စီးပွားရေးနိမ့်ကျ၍ ပိုက်ဆံ ၁၂ ပဲသာယူနိုင်ခဲ့သူ ဖြစ်လေသည်။ ဤတွင် ကျွန်ုပ်သည် ရပ်တန့်စဉ်းစား၍ သူတို့နှစ်ယောက်၏အကြံပေးချက်နှစ်ခုတွင် အလယ်အလတ်ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်၏။ လုပ်ပုံကား ငွေ ၂၄ ကျပ်ရှိသည့်အနက် ငွေ ၁၀ ကျပ်ကို အိတ်ထဲသို့ ထည့်လိုက်ပြီး ကျန်သောငွေ ၁၄ ကျပ်ကို ဝက်ပေါ်၌ပင် အောလိုက်ပြန်၏။ ဝက်ပင်ပွင့်၍ ငွေ ၄၂ ကျပ် အလျော်ရလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## ခရိုင်အဆင့် အခြေခံပညာအထက်တန်း(Grade-10, Grade-11) ဘာသာရပ်မွမ်းမံဆွေးနွေးပွဲကျင်းပ

မြိတ် မေ ၁၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အဆင့် အခြေခံပညာအထက်တန်း( Grade–10, Grade–11 ) ဘာသာရပ်မွမ်းမံဆွေးနွေးပွဲကို မေလ ၁၈ ရက်က မြိတ်မြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

မြိတ်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၌ သင်ကြားသင်ယူမှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ၊ ဆရာမများ၏ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားမှုအရည်အသွေးများကို ထပ်ဆင့်မြှင့်တင်ပေးရန်ရည်ရွယ်၍ ဘာသာရပ်မွမ်းမံဆွေးနွေးပွဲကိုပြုလုပ်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးသန်းထိုက်က အထက်တန်းအဆင့် ဘာသာရပ်မွမ်းမံဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကာလမှာ မေလ ၁၈ ရက်မှ ၂၀ ရက်အထိဖြစ်ပြီး ဆွေးနွေးပွဲသို့ မြိတ်မြို့နယ်မှ ၂၃၈ ဦး၊ ကျွန်းစုမြို့နယ်မှ ၁၄၇ ဦး၊ ပုလောမြို့နယ်မှ ၁၀၅ ဦး၊ တနင်္သာရီမြို့နယ်မှ ၃၅ ဦး စုစုပေါင်း ဆရာ၊ ဆရာမ ၅၂၅ ဦးတက်ရောက်ကြပြီး နည်းပြ ၃၅ ဦးက ဘာသာရပ်အလိုက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



# ၂၀၂၅ ခုနှစ်၊ ရေကြောင်းနှင့်လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့်တန်းမြင့်သင်တန်းများ၏ သင်တန်းဆင်းပွဲများပြုလုပ်

နေပြည်တော် မေ ၁၉

ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဧပြီလ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့သည့် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းတို့၏ သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ကြသည်။




ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သင်တန်းဆင်းပွဲတွင် အကောင်းဆုံးသင်တန်းစခန်းဆုရရှိသည့် သင်တန်းစခန်းအား ဆုချီးမြှင့်စဉ်။



ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သင်တန်းဆင်းပွဲအခမ်းအနားကျင်းပစဉ်။




ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) စုပေါင်းသင်တန်းဆင်းပွဲအခမ်းအနားတွင် ထူးချွန်ဆုရရှိသော သင်တန်းစခန်းအား ဆုချီးမြှင့်စဉ်။



အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) စုပေါင်းသင်တန်းဆင်းပွဲအခမ်းအနားကျင်းပစဉ်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲကို နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီနှင့် ဌာနဆိုင်ရာအသီးသီးမှဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက သင်တန်းတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသောသင်တန်းသား၊ သင်တန်းသူများနှင့်အကောင်းဆုံးသင်တန်းစခန်းဆုရရှိသည့် သင်တန်းစခန်းအား ဂုဏ်ပြုဆုများနှင့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် စခန်းပေါင်းစုံမှသင်တန်းသား၊ သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းစခန်း(၁၁)ခုတွင် သင်တန်းသား၊ သင်တန်းသူ ၈၀၀ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း တပ်မတော်(ရေ) သမိုင်းဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့်အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန်အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် စစ်ရေယာဉ်(မုတ္တမ)ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လက်တွေ့စီးနင်းလိုက်ပါခြင်း၊ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို လက်တွေ့လေ့လာခြင်းများဆောင်ရွက်ခဲ့ကာ ရေကြောင်းလူငယ်စခန်းပေါင်းစုံတွေ့ဆုံပွဲနှင့် စခန်းပေါင်းစုံပြိုင်ပွဲများကိုလည်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းစခန်းအားလုံး၏ စုပေါင်းသင်တန်းဆင်းပွဲကို နေပြည်တော်လေတပ်စခန်း၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အုပ်ချုပ်သူနည်းပြများ၊ ဆရာ/ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော သင်တန်းစခန်းများနှင့် သင်တန်းသားများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ခင်းကျင်းပြသထားသော ပြခန်း၊ ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းစခန်း ၁၃ ခုတွင် သင်တန်းသားအင်အား ၆၉၃ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ(လက်နက်မဲ့)ဘာသာရပ်၊ လေကြောင်းပညာ သမိုင်းဘာသာရပ်၊ လေကြောင်းလူငယ် သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်နှင့် RC Simulator မောင်းနှင်ခြင်းဘာသာရပ်များသင်ကြားပို့ချခဲ့ကြောင်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းစခန်း ၂ ခုတွင် သင်တန်းသားအင်အား ၁၁၁ ဦးဖြင့်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ(လက်နက်ပါ)ဘာသာရပ်၊ လေကြောင်းဆိုင်ရာအထွေထွေဗဟုသုတဘာသာရပ်၊ Airfield Procedure ဘာသာရပ်နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ဓာတ်သွေးဓာတ်မာန်ဘာသာရပ်နှင့် လေယာဉ်/ရဟတ်ယာဉ်များ၏ ပျံသန်းမှုအခြေခံသဘောတရားများကို သိရှိစေရန်အတွက် RC လေယာဉ်/ရဟတ်ယာဉ် လက်တွေ့မောင်းနှင်ခြင်း ဘာသာရပ်များကိုလည်း လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

**■ ကျောဖုံးမှအဆက်**

သင်တန်းဖွင့်ပွဲများသို့ တက်ရောက်လာကြသည့် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် **စာမျက်နှာ ၇ သို့** ■



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)မှ သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် မေ ၁၉

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် မေလ ၃၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၄˚c / ၃၄˚c |
| ရန်ကုန် | ၂၅˚c / ၃၀˚c |
| မန္တလေး | ၂၈˚c / ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ “၂၀၂၅ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည့်အစီအစဉ်” အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။တောင်သူလယ်သမားကြီးများကလည်းသီးနှံပေါ်ချိန်တွင် ချေးငွေများအချိန်မီပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့်တောင်သူဦးကြီးများအကြား နှစ်ဦးနှစ်ဖက်တာဝန်ကျေပွန်စွာပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၂။ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရာသီအလိုက် ထုတ်ချေးပေးလျက်ရှိရာ တောင်သူဦးကြီးများအနေဖြင့် အချိန်စေ့ချေးငွေပြေကျေမှသာ **(ယခင်ကြွေးကျန်ကင်းရှင်းမှသာ)** ချေးငွေအသစ်ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးသော ဖွံ့ဖြိုးရေးချေးငွေ နှစ်တို၊ နှစ်ရှည်ချေးငွေများကိုလည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ ၂၀၂၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများအား ယခင်ချေးငွေ အရင်း၊ အတိုးများပါ ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူများသို့ မိုးရာသီစိုက်ပျိုးချိန်အမီ **၁၉ - ၅ - ၂၀၂၅** ရက်နေ့မှစတင်၍ ယခင်နှစ်နည်းတူ တစ်နှစ်လျှင် အတိုးနှုန်း ၅ % ဖြင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးနေပြီဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယခင်ချေးငွေများ ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

■ စာမျက်နှာ ၆ မှအဆက်

နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်း



များသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်လျက်ရှိကြသည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-



“အရင်တုန်းကတော့ စိတ်ထဲမှာ တပ်မတော်အကြောင်း သိပ်ပြီးတော့ နားမလည်ဘူး။ အခုစစ်မှုထမ်းဖို့လာတော့ ဆရာတွေကပြောဆိုပြီးတဲ့အခါကျတော့ တိုင်းပြည်ကိုကာကွယ်ဖို့အတွက် စိတ်အားထက်သန်လာပါတယ်။ အများအမြင်နဲ့ မဆုံးဖြတ်ဘဲ ကိုယ့်ဟာကိုယ်လက်တွေ့ဆုံးဖြတ်ပြီး ဒီနေရာမှာကောင်းတယ်ဆိုတာ



ကိုသိရပါတယ်၊ တချို့ကျတော့ တပ်မတော်ကို မကောင်းဘူးလို့ထင်ကြပေမယ့် ကိုယ်တိုင်ဝင်ကြည့်မှသိရပါတယ်။ စဝင်တုန်းကတော့ကြောက်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီမှာအရမ်းလည်းပျော်တယ်၊ နေရထိုင်ရတာလည်းပျော်တယ်”ဟုပြောသည်။

“ကျွန်တော်ကတော့ ဒီသင်တန်းကနေပြီးတော့ သင်ပေးလိုက်တဲ့ပညာတွေကို အသုံးချပြီးတော့ ပြည်သူလူထုနဲ့နိုင်ငံတော်ကိုကာကွယ်ပြီးတော့ ကျွန်တော်အသက်ပေးပြီးစောင့်ရှောက်သွားမှာပါ”ဟုပြောသည်။

“စစ်မှုထမ်းကာလကို နှစ်နှစ်သတ်မှတ်ထားတယ်လို့သိရတယ်။ နှစ်နှစ်အချိန်မှာ ကျွန်တော်တို့ဟာ သင်တန်းကာလနှစ်လခွဲအပါပေါ့နော်။ စုစုပေါင်းနှစ်နှစ်မှာဆိုရင် ကျွန်တော်တို့ ဘာခံယူထားလဲဆိုတော့ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ငြိမ်းချမ်းမှုကို သွေးထိုးနှောင့်ယှက်တဲ့ရန်သူတွေ၊ နောက်ပြီးတော့ ဒီငြိမ်းချမ်းနေတဲ့အရာကိုပဲဝင်ပြီးတော့ ဖျက်ဆီးနေတဲ့သူပုန်တွေပေါ့နော်၊ အဲ့ဒါတွေကို ကျွန်တော်တို့အနေနဲ့ ဒီသင်တန်းကျောင်းကနေရလာမယ့် အတွေ့အကြုံ ခွန်အားသစ်တွေနဲ့ တွန်းလှန်ပေးနိုင်မယ်။ နောက်ပြီးတော့တကယ်လုပ်ရတဲ့အချိန်မှာလည်း အကောင်းဆုံးလုပ်ဆောင်မယ်လို့ ကတိပေးပါတယ်”ဟုပြောသည်။ **(၁၀၀)**

# ကင်ဆာနှင့်ပျောက်ကင်းနိုင်သောအစားအစာများ



**နွားနို့**

နွားနို့နှင့်အဆီခါတ်မှာ ကင်ဆာကို အားပေးသည့် အကျိုးသက်ရောက်မှု ရှိသော်လည်း နွားနို့ထဲတွင်ပါဝင်သည့် တခြားဓာတ်ပစ္စည်းများသည် ကင်ဆာကို ခုခံတိုက်ဖျက်နိုင်သည်။ အမေရိကန်ပြည်ထောင်စု ဘက်ဖလို (Buffalo) မှ ပညာရှင်များက အမေရိကန်နိုင်ငံသား ၁၃၀၀ အား လေ့လာသုတေသနပြုရာတွင် မလိုင်ထုတ်ပြီး သို့မဟုတ် မလိုင်လျှော့ထားသည့် နွားနို့ပုံမှန်သောက်သုံးသူတို့သည် ခံတွင်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ စအိုကင်ဆာ၊ အဆုတ်ကင်ဆာအပါအဝင် တခြားကင်ဆာဖြစ်ပွားနှုန်းသည် နွားနို့မသောက်သူများထက် လျော့နည်းနေကြောင်း တွေ့ရှိခဲ့ကြသည်။ နွားနို့တွင် ကင်ဆာကိုခုခံတိုက်ဖျက်သည့်ဓာတ်များပါဝင်နှုန်းကို လေ့လာသုတေသနပြုဆဲဖြစ်သည်။

**ကြက်သွန်ဖြူ**

ဂျာမနီနိုင်ငံ၏ သုတေသနအသစ်တွေ့ရှိချက်အရ ကြက်သွန်ဖြူသည် ဆိုးရွားကင်ဆာဆဲလ်အတွက် အဆိပ်ဖြစ်နေသည်။ ဓာတုကုထုံးအတိုင်း ကင်ဆာဆဲလ်များကို သတ်ဖြတ်သုတ်သင်သည့် အကျိုးသက်ရောက်မှုမျိုးပါရှိသည်။ ကြက်သွန်ဖြူသည် ရောဂါပြီးခြင်း (Immunity)တုံ့ပြန်မှုကို ထိန်းညှိပေးသည့်ဆေးအဖြစ်လည်း အသုံးပြုနိုင်သည်။ လူကိုဆိုက် (Leucocytes) ဟုခေါ်သည့် သွေးဖြူဥဆဲလ်များကဲ့သို့ ခန္ဓာကိုယ်တွင်း ပုံမှန်ရောဂါပြီးဓာတ်၏တုံ့ပြန်မှုကို လှုံ့ဆော်ပေးသည်။ စမ်းသပ်ခန်းထဲ ခန္ဓာကိုယ်ပြင်ပစမ်းသပ်မှုများအရ ကြက်သွန်ဖြူသည် macrophage နှင့် T.lymphocytes ခေါ် ရောဂါပြီးခြင်းဓာတ်တစ်မျိုးတို့ကိုရှင်သန်အောင် လှုံ့ဆော်ပေးသည်ကိုတွေ့ရသည်။ ရောဂါပြီးခြင်းဓာတ်သည် သတ္တိကြွပြီး ကင်ဆာဆဲလ်များကိုသုတ်သင်ပစ်သည်။

ထို့ပြင် ကြက်သွန်ဖြူကို သဘာဝပိုးမွှားသက်သေအဖြစ် အသုံးပြုနိုင်သည်။ ဥပမာ-အစာအိမ်ထွက်ပေါက်၌ အောင်းတတ်သည့်ပိုးမွှားများသည် အူမကြီးကင်ဆာနှင့် အစာအိမ်ကင်ဆာတို့နှင့် တိုက်ရိုက်ပတ်သက်ဆက်နွှယ်နေသည့် ပိုးမွှားများဖြစ်သည်။

> **"ငါးအဆီက ကင်ဆာဆဲလ်များရွှေ့ပြောင်းစွဲကပ်မှုကို ဖြတ်တောက်ပစ်ခြင်းအကျိုးကိုပေးသည်။ ထိုမှတစ်ဆင့် မူလက ကင်ဆာမဖြစ်ခဲ့သည့်နေရာ၌ မရှင်သန်နိုင်ရန် စွမ်းဆောင်လိုက်ခြင်းဖြစ်ဟန်ရှိသည်။ ထို့ကြောင့် ဆရာဝန်များက ရင်သားကင်ဆာလူနာများကို ငါးများများစားသုံးရန် မှာကြားခြင်းဖြစ်သည် . . ."**

**ငါးအဆီ**

ငါးများ၏အဆီသည် ကင်ဆာဆဲလ်များ ရွှေ့ပြောင်းဖြစ်ပွားမှုကို ဟန့်တားပေးသည်။ ဟားဗတ်တက္ကသိုလ်၏ လေ့လာသုတေသနပြုချက်အရ ခွဲစိတ်မှုခံယူပြီးသော ရင်သားကင်ဆာများ ရွှေ့ပြောင်းဖြစ်ပွားနှုန်းကျဆင်းသွားရန် ငါးအဆီက စွမ်းဆောင်ပေးနိုင်ပြီး တခြားကင်ဆာများအပေါ်တွင်လည်း ထိုကဲ့သို့ အကျိုးသက်ရောက်နိုင်မည်ဟုဆိုသည်။

ငါးအဆီက ကင်ဆာဆဲလ်များ ရွှေ့ပြောင်းစွဲကပ်မှုကို ဖြတ်တောက်ပစ်ခြင်းအကျိုးကိုပေးသည်။ ထိုမှတစ်ဆင့် မူလက ကင်ဆာမဖြစ်ခဲ့သည့်နေရာ၌ မရှင်သန်နိုင်ရန် စွမ်းဆောင်လိုက်ခြင်းဖြစ်ဟန်ရှိသည်။ ထို့ကြောင့် ဆရာဝန်များက ရင်သားကင်ဆာလူနာများကို ငါးများများစားသုံးရန် မှာကြားခြင်းဖြစ်သည်။

**အရက်သောက်ခြင်းနှင့်ကင်ဆာ**

အရက်သောက်သူများသည် ကင်ဆာပြဿနာများ တွေ့ကြုံရင်ဆိုင်ရသည်။ အသည်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ ရင်သားကင်ဆာ စသည်တို့ဖြစ်သည်။ အထူးသဖြင့် အူမကြီးကင်ဆာဖြစ်ပွားနှုန်းကိုတိုးပွားပြီး အန္တရာယ်ပိုများစေသည်။ အဆိုပါကင်ဆာဖြစ်ပွားနှုန်းတိုးပွားခြင်းက အရက်နှင့် တိုက်ရိုက်ပတ်သက်ဆက်နွှယ်မှုရှိသည်။ နိုင်ငံတကာကင်ဆာသုတေသနအဖွဲ့၏ စစ်တမ်းပြုလုပ်ချက်အရ ဆေးလိပ်နှင့်အရက်သောက်သုံးကြသူများသည် လည်ချောင်းကင်ဆာဖြစ်ပွားနှုန်း ၄၅ ရာခိုင်နှုန်းတိုးမြင့်သွားပြီး နှာခေါင်းနှင့် အာခေါင်ကင်ဆာဖြစ်ပွားနှုန်း ၁၃ ရာခိုင်နှုန်း တိုးမြင့်သွားသည်ကိုတွေ့ရှိခဲ့ကြသည်။ အမေရိကန် အုတ်ကလာဟိုမားတက္ကသိုလ်ပါရဂူများ၏တွေ့ရှိချက်အရ ဘီယာများများသောက်သူသည် ဘီယာမသောက်သူများထက် စအိုပြွန်ကင်ဆာဖြစ်ပွားနှုန်း ၁၀၀ ရာခိုင်နှုန်းရှိသည်။ ကင်ဆာဖြစ်ပြီးသည့် လူနာသည် အရက်ကို မဖြစ်မနေဖြတ်ရမည်ဖြစ်သည်။

**အဆီနှင့်ကင်ဆာ**

သံလွင်ဆီမှ omega-3 ဖက်တီးအက်စစ်တို့သည် အကျိုးပြုအဆီအက်စစ်များဖြစ်သည်။ အမေရိကန်နိုင်ငံ ကျန်းမာရေးသုတေသနအသင်း၏ သုတေသနပြုချက်အရ omega-3 သည် ကင်ဆာကာကွယ်ရေးနှင့် ခုခံတိုက်ဖျက်ရေးအကျိုးအာနိသင်ရှိကြောင်း သိရသည်။

လူတိုင်း နေ့စဉ်စားသောက်မှုမှ ခန္ဓာကိုယ်တွင်းဝင်ရောက်သွားသော တိရစ္ဆာန်အဆီသည် ကင်ဆာကိုဖြစ်စေနိုင်သည့် အာနိသင်များရှိကြသည်။ omega-3၊ omega-6၊ အကျိုးမပြုသောအက်စစ် (LDL) များပါဝင်သည်။ ကင်ဆာဖြစ်နိုင်သည့်ဆဲလ် သို့မဟုတ် ငုပ်လျှိုးနေသည့် ကင်ဆာဆဲလ်များကို ဆိုးရွားကင်ဆာဆဲလ်များအဖြစ် ပြောင်းလဲတိုးပွားစေရန် အားပေးလှုံ့ဆော်သည်။

**ဆောင်ရန် ရှောင်ရန်**

ကင်ဆာကာကွယ်နိုင်သည့် အစားအစာများမှာ ဟင်းသီးဟင်းရွက်များ၊ ဂေါ်ဖီမျိုးစုံ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ မုန်လာဥနီ၊ ခရမ်းချဉ်သီးအမှည့်၊ အစိမ်းရောင်ဟင်းရွက်များ၊ အဝါရောင်ဟင်းရွက်များ၊ ပဲပုပ်၊ ပဲပြား၊ ငါးအဆီ၊ ရေနွေးကြမ်း၊ နွားနို့တို့ဖြစ်ကြသည်။

ကင်ဆာဖြစ်ပွားမှုမှ ရှောင်ရန်အစားအစာများမှာ ခြေလေးချောင်းသား၊ အဆီများသောအစာ၊ ဆီအုန်းအပါအဝင် အရက်၊ ဘီယာတို့ဖြစ်သည်။ ကင်ဆာပြန့်ပွားမှုကို တားဆီးနိုင်သည့်အစားအစာများမှာ ပင်လယ်စာများ(ငါး၊ ပုစွန်)၊ မုန်ညင်းမျိုးရင်းဟင်းရွက်များ၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ မုန်ညင်းဖြူ၊ မုန်ညင်းခါး စသည်တို့ဖြစ်သည်။

**ဒေါက်တာလွင်သန့်**

---

# ချောင်းဆုံမြို့နယ်ရှိ ရဟန္တာသိမ်တော်ကြီး ဘက်စုံမွမ်းမံမှုပြီးစီး၍ ရေစက်ချတရားပွဲကျင်းပ



ချောင်းဆုံ မေ ၁၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ချောင်းဆုံအရှေ့ရပ်ကွက်ရှိ ရဟန္တာသိမ်တော်ကြီးအား မူလလက်ရာမပျက် ဘက်စုံမွမ်းမံမှုပြီးစီး၍ ရေစက်ချတရားပွဲနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို မေလ ၁၉ ရက်တွင် ချောင်းဆုံအရှေ့ရပ်ကွက် ရဟန္တာသိမ်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆိုပြီး သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များနာယူကြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက ရဟန္တာသိမ်တော်ကြီး ဘက်စုံမွမ်းမံမှုပြီးစီးကြောင်းကို လျှောက်ထားကာ သံဃာတော်များက ဩဝါဒကထာမြွက်ကြားပြီး တာဝန်ရှိသူများက သံဃာတော်များကို လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရဟန္တာသိမ်တော်ကြီး ဘက်စုံမွမ်းမံပြင်ဆင်နိုင်ရန် လှူဒါန်းထားသည့် အလှူရှင်များကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**ချမ်းမြေ့**

---

# ရန်ကုန်မြို့၌ Korea Education Fair 2025 ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၉

တောင်ကိုရီးယားနိုင်ငံ၌ ပညာသင်ကြားလိုသူများနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိလိုသူများအတွက် Korea Education Fair 2025 ကို World Korea Myanmar မှဦးစီး၍ မေလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ရှိ Junction City ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပညာရေးဆွေးနွေးပွဲသို့ တောင်ကိုရီးယားနိုင်ငံရှိ နာမည်ကြီးတက္ကသိုလ်များမှ ဆရာ၊ ဆရာမများကိုယ်တိုင်တက်ရောက်မည်ဖြစ်ပြီး မြန်မာကျောင်းသား၊ ကျောင်းသူများနှင့် တိုက်ရိုက်ဆွေးနွေးပေးမည်ဖြစ်သည့်အပြင် ပညာသင်ဆုအခွင့်အလမ်းများ၊ ကံစမ်းမဲလက်ဆောင်များနှင့် စိတ်ဝင်စားဖွယ်အစီအစဉ်များပါဝင်မည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဆေးဘက်ဆိုင်ရာ၊ အင်ဂျင်နီယာပညာ၊ စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ လေကြောင်းဝန်ဆောင်မှု၊ အလှအပ၊ နည်းပညာနှင့် ဘာသာစကားသင်ကြားရေး စသည့်ဘာသာရပ်များအကြောင်း လေ့လာနိုင်မည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် မိမိစိတ်ဝင်စားသည့်ဘာသာရပ်များ၊ တက္ကသိုလ်ရွေးချယ်မှုများနှင့် ပညာသင်ဆုအတွက် လျှောက်ထားနိုင်သည့်နည်းလမ်းများအကြောင်းကို တိုက်ရိုက်မေးမြန်းနိုင်ပြီး စကားပြန်ဝန်ဆောင်မှုလည်းပါဝင်ကြောင်း သိရသည်။

**မေသူ**

# စခန်းသွင်းသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက တွေ့ဆုံအားပေး



**နေပြည်တော် မေ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် စခန်းသွင်းလေ့ကျင့်သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် အဖွဲ့ဝင်များက စိတ်အပန်းပြေစေရန် အားပေးစကားပြောကြားခြင်းကို မေလ ၁၉ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအား အားပေးစကားပြောကြားပြီး စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုနှင့်ကျောင်းအိပ်၊ ကျောင်းစားထားရှိမှုအခြေအနေများကို ကြည့်ရှုကာ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ဆရာ၊ ဆရာမများ သင်ကြားမှုများကို စနစ်တကျလေ့လာကျက်မှတ်ရေး၊ စိတ်ဓာတ်တက်ကြွစွာ အမှတ်ကောင်းရရှိအောင် ကြိုးစားဆောင်ရွက်ရေး၊ ကျန်းမာရေးဂရုစိုက်နေထိုင်ရေး စသည်တို့ကိုပြောကြားပြီး ခေါက်ဆွဲခြောက်၊ အချိုရည်၊ မုန့်မျိုးစုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးအဖွဲ့မှ မုန့်နှင့်အချိုရည်ဘူးများကိုလည်းကောင်း ပေးအပ်ကြောင်းသိရသည်။ (ဌာဒ)

# မြောင်းမြခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

**မြောင်းမြ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများအား မေလ ၁၉ ရက် နံနက်ပိုင်းမှ စတင်၍ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ထုတ်ချေးပေးရာတွင် မြောင်းမြခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာနှင့်ဝန်ထမ်းများက မေလ ၁၉ ရက်တွင် မြောင်းမြမြို့နယ်အတွင်းရှိ တောင်သူ ၁၆၇ ဦးအား လယ်မြေ ၁၁၆၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးငွေကျပ် ၁၇၄၁၅၀၀၀၀ တို့ကို ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ထို့ပြင်



ချေးငွေပြန်ဆပ်ချိန်တွင် ချေးငွေများကျေပွန်စွာပေးဆပ်ပြီးသည့် တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာ (မြောင်းမြ)

# ကျောက်ဆည်မြို့နယ်၌ နှမ်းစိုက်ကေများအောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆည်မြောင်း၊ ချောင်းကန်ပေါများပြီး ဆည်ရေသောက်စနစ်ဖြင့် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး၊ နွေနှမ်းနှင့် မိုးကြိုဝါသီးနှံများ အဓိကထားစိုက်ပျိုးကြကြောင်းနှင့် ရေရရှိရေးနည်းလမ်းဖြင့် နွေနှမ်း ၄၄၂၀၆ ဧက စိုက်ပျိုးထားရာ စိုက်ကေများအားလုံးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နွေနှမ်းသီးနှံများစိုက်ပျိုးရာတွင် ဇော်ဂျီဆည်ရေဖြင့် ၃၁၀၃၇ ဧက၊ ကင်းတားဆည်ရေဖြင့် ၁၃၁၂၉ ဧက၊ သစ်တက္ကုန်းဆည်ရေဖြင့် ဧက ၄၀ စုစုပေါင်း ၄၄၂၀၆ ဧကစိုက်ပျိုးထားပြီး စိုက်ပျိုးရာတွင်လည်း ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ဆင်းရတနာ-၄ နှမ်းမျိုးများစိုက်ပျိုးထားသည်။ နွေနှမ်းသီးနှံစိုက်ခင်းများ အထွက်နှုန်းကောင်းမွန်ပြီး အောင်မြင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပေါင်ကြီးတင်စနစ်၊ တန်းဆွဲစနစ်များဖြင့်အဓိကထားစိုက်ပျိုးစေပြီး ပင်ကြား၊ တန်းကြား မှန်ကန်ရေး စိုက်ကွင်းများသို့ ကွင်းဆင်းကာအသိပညာပေးခြင်း၊လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများ ယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်း စားသုံးဆီဖူလုံလာမည်ဖြစ်သကဲ့သို့ ဆီဈေးနှုန်းတည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်

## လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။

## ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေး

❖ သားသားမီးမီး ငယ်ငယ်ရွယ်
ဆယ့်လေးနှစ် အောက်ကွယ်။
စာသင်ချိန်ဝယ် ကျောင်းကိုသွား
ပညာတတ်စေသား။

❖ ဖွံ့ဖြိုးကြီးထွား လိုအပ်ကာ
စိတ်ပိုင်းရုပ်ပိုင်းပါ။
မိသားဝမ်းစာ ရှာဖွေစား
ကလေးအလုပ်သမား။

❖ ဝန်အားမမျှ မခိုင်းရန်
သတ်မှတ်ချိန်ထက် မပိုပြန်။
ဘေးအန္တရာယ် ကင်းစင်ပ
နားခွင့်ကိုရ ကျန်းမာစွ။

❖ စာရိတ္တလည်း မထိခိုက်အောင်
ပျက်ပြားစေမှုရှောင်။
ညီညီမောင်မောင် လုပ်အားကောင်း
ခံစားခွင့်ရှိကြောင်း။

❖ အရွယ်ကောင်းမို့ ကျောင်းမထွက်စေ
အနာဂတ်ကြယ်ပွင့်တွေ။
ကလေးအလုပ်သမားတွေ ပပျောက်ရေး
ပြည်သူအားလုံးကြိုးပမ်းပေး။ ။

**ရွှေမြိုင်ပြုံးလဲ့မော်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၅-၂၀၂၅ ( အင်္ဂါနေ့ )

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၃။ ၀၉:၀၀ ရင်မှာစွဲလန်း တော်ဝင်ပန်း
၄။ ၁၀:၀၀ စိုက်ပျိုးသုတ
၅။ ၁၁:၀၀ သီချင်းလက်ဆောင်
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၄:၀၀ Sharing Knowledge
၉။ ၁၅:၀၀ မြန်မာသံစဉ်ချိုနှာဝင်
၁၀။ ၁၆:၀၀ မျိုးချစ်တပ်မတော်
၁၁။ ၁၇:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၂။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ၁၉:၀၀ **The Unknown War အပိုင်း(၁၆)**
၁၄။ ၂၀:၀၀ **အမျိုးသားရေးတေးကဗျာ**

## မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူခေါ်ယူ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(မန္တလေး)တို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့်ကိုယ်အင်္ဂါနှင့်ဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (က) Down Syndrome
- (ခ) Autism
- (ဂ) Attention Deficit Hyper Activity Disorder (ADHD)
- (ဃ) Global Development Delay(GDD)
- (င) အခြားဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (စ) ခြေလက်မပြည့်စုံသူ (Amputee)
- (ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)

၂။ အသက် ၆ နှစ်မှ ၁၈ နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့်ကိုးကွယ်ရာဘာသာမရွေးလျှောက်ထားနိုင်သည်။
၅။ မိဘ(သို့မဟုတ်)အုပ်ထိန်းသူကိုယ်တိုင် ကျောင်းအပ်နှံပြီး ကျောင်းသား၊ ကျောင်းသူများပါ တစ်ပါတည်းခေါ်ဆောင်၍အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ပတ်စ်ပို့ဓာတ်ပုံလေးပုံ၊ မွေးစာရင်းမူရင်းနှင့်မိတ္တူ
၂။ အိမ်ထောင်စုဇယားမူရင်းနှင့်မိတ္တူ
၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis)မိတ္တူ
၄။ ကျန်းမာရေးနှင့်ပတ်သက်သောဆေးမှတ်တမ်းများ

ကျောင်းသား၊ ကျောင်းသူဟောင်းများအား မေလဆန်းတတိယပတ်တွင် ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူသစ်များအား မေလစတုတ္ထပတ်မှစ၍ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅)ရပ်အပြင် မိမိတို့၏တစ်နေ့တာလုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းအမှတ်(၂၆)ဘီလမ်း၊ ၅၈× ၅၉ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၄၂၅၂၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်) ဖုန်း ၀၁-၉၆၆၁၄၄၂၊ ၀၉-၇၉၉၄၇၈၈၉၃၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(မန္တလေး) ဖုန်း ၀၂-၄၀၂၁၀၉၂၊ ၀၉-၄၀၀၄၀၇၅၄၂၊ ၀၉-၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း)ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
ကြေညာချက်
**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန

ပညာ

### ၂၀၂၅-၂၀၂၆ ပညာသင်နှစ်

### “ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

ပညာရေးဝန်ကြီးဌာန
၂၀၂၅-၂၀၂၆ ပညာသင်နှစ်

**“အသိပေးကြေညာချက်”**

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ကျင်းပသော The Open International Biology Olympic (OIBO) 2025 ပြိုင်ပွဲတွင် မြန်မာကျောင်းသား၊ ကျောင်းသူများ တစ်ဦးချင်း တတိယဆုများရရှိ

ရန်ကုန် မေ ၁၉

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့ဖက်ဒရယ်နယ်မြေ ဆိုင်ရပ်စ်၌ ကျင်းပသော The Open International Biology Olympic (OIBO) 2025 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲအတွင်း တစ်ဦးချင်း တတိယဆုများဆွတ်ခူးခဲ့ကြပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြင့်မြင့်နှင့် ဆရာမများ၊ တာဝန်ရှိသူများနှင့်ကျောင်းသားမိဘများက နိုင်ငံတော်အလံများ၊ ဗီနိုင်းပိုစတာနှင့် ပန်းစည်းများကိုင်ဆောင်၍ ကြိုဆိုခဲ့ကြသည်။

အဆိုပါ The Open International Biology Olympic(OIBO) 2025 ပြိုင်ပွဲသည် စက်မှုလုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းကာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အတွေ့အကြုံဖလှယ်ခြင်းတို့ကို ဖွံ့ဖြိုးတိုးတက်စေမည့် ကျောင်းသားလူငယ်များအား လက်ရှိဇီဝဗေဒနှင့် ဇီဝနည်းပညာဆိုင်ရာပြဿနာများကို လေ့လာရန်နှင့်ဖြေရှင်းရန်အတွက် ရည်ရွယ်သည့် နိုင်ငံတကာ ဇီဝဗေဒပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံတစ်နိုင်ငံစီကို အသင်းတစ်သင်းအဖြစ် ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ကာ မေလ ၁၀ ရက်မှ ၁၇ ရက်အထိ ပြိုင်ပွဲကာလတစ်လျှောက် Zoology၊ Botany၊ Practical ပြိုင်ပွဲများမှ တစ်ဦးချင်းတတိယဆုများ ဆွတ်ခူးရရှိခဲ့ကြသည်။

ယင်းပြိုင်ပွဲကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီ(Sochi)မြို့တွင် ခုနစ်ရက်တာကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် အခြေခံပညာအဆင့်တွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးလိုက်ပါယှဉ်ပြိုင်ခဲ့ကြရာ တစ်ဦးချင်းအလိုက် တတိယဆုများကိုရရှိခဲ့ကြောင်း သိရသည်။ မြဝတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မျိုးချစ်စိတ်တို့ရှင်သန်စေ သူရဲကောင်းတို့ပျော်ရာမြေ

**ထက်မြတ်**



သူရဲကောင်းဆိုတဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုကြည့်မယ်ဆိုရင် တော်တော်လေးနက်တာတွေ့ရပါတယ်။ မြန်မာအဘိဓာန်မှာတော့ သူရဲကောင်းဆိုတာ မှန်ကန်သည်ကို ရဲဝံ့စွာစွန့်စားဆောင်ရွက်တတ်သူဆိုပြီး ဖွင့်ဆိုထားပါတယ်။ ဒီတော့ သူရဲကောင်းတစ်ယောက်ဖြစ်ဖို့ဆိုတာ သူလုပ်တဲ့ကိစ္စသည် မှန်ကန်တဲ့ကိစ္စဖြစ်ရမယ်။ အဲဒီကိစ္စကိုပဲ ရဲရဲဝံ့ဝံ့နဲ့လုပ်ဆောင်ရမယ်။ လုပ်ဆောင်ရာမှာလည်း အသက်ကိုပင်ပဓာနမထားဘဲ စွန့်စားဆောင်ရွက်ရမယ်။ အဲဒီလိုသူမျိုးကိုမှ သူရဲကောင်းလို့ သတ်မှတ်တယ်လို့ဆိုနိုင်ပါတယ်။ သူရဲကောင်းတစ်ယောက်ဆိုတာ အလိုလိုနေရင်းဖြစ်လာတာမဟုတ်ပါဘူး။ သူရဲကောင်းတစ်ယောက်ဖြစ်လာဖို့အတွက် အခြေခံစိတ်ဓာတ်တစ်ခု မဖြစ်မနေရှိကိုရှိရမှာပါ။ အဲဒီစိတ်ဓာတ်ကတော့ "မျိုးချစ်စိတ်" ပါပဲ။

မျိုးချစ်စိတ်ဆိုတဲ့အဓိပ္ပာယ်ကလည်း သိပ်ကိုနက်ရှိုင်းပါတယ်။ လူတစ်ဦးတစ်ယောက်တည်းကိုချစ်ရုံ၊ လူနည်းစုကိုချစ်ရုံနဲ့ မျိုးချစ်စိတ်လို့မခေါ်နိုင်ပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကောင်းစားရေးအတွက်ရှေးရှုခြင်းကိုသာ မျိုးချစ်စိတ်လို့ခေါ်နိုင်တာပါ။ ကမ္ဘာနဲ့ယှဉ်လာရင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကောင်းစားရေး၊ တိုးတက်မြင့်မားရေးတို့အတွက် ဦးစားပေးဆောင်ရွက်လိုတဲ့စိတ်မျိုးကို မျိုးချစ်စိတ်လို့ခေါ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ မျိုးချစ်စိတ်ကိုအရင်းခံပြီး သူရဲကောင်းပီသစွာ နယ်ချဲ့တို့ကိုတွန်းလှန်တိုက်ထုတ်ခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့ဘိုးဘေးဘီဘင်များကြောင့်သာ အခုလိုမျိုးလွတ်လပ်ရေးကိုရရှိခဲ့တာပါ။

နယ်ချဲ့တယ်ဆိုတာက အခုနောက်ပိုင်းမှပေါ်ပေါက်လာတဲ့အရာမဟုတ်ပါဘူး။ သမိုင်းမတင်မီကာလကတည်းကပင် နယ်ချဲ့တယ်ဆိုတာရှိပါတယ်။ ဒီလိုနယ်ချဲ့မှုမျိုးကို တွန်းလှန်တိုက်ခိုက်ဖို့အတွက် နိုင်ငံသားတိုင်းမှာ မျိုးချစ်စိတ်ဆိုတာရှိရပါတယ်။ ဒါ့အပြင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအပေါ် တစ်ပါးသူက ကျူးကျော်စော်ကားလာနိုင်ခြင်း မရှိစေဖို့အတွက်လည်း မျိုးချစ်စိတ်ကိုအရင်းခံပြီး သူတစ်ပါးကိုမထိခိုက်စေဘဲ ကိုယ့်အင်အားကိုခိုင်မာအောင်ထူထောင်ရပါတယ်။ ဒါမှလည်း ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ထိပါးစော်ကားချင်တယ်ဆိုရင်တောင်မှ တစ်ပါးသူအနေနဲ့ တော်ရုံတန်ရုံ အားမထုတ်နိုင်တော့မှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးကိုရောက်ရှိစေဖို့အတွက်ဆိုရင် မျိုးချစ်စိတ်ကိုအရင်းခံရမှာပါ။



မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဆိုတာ အင်မတန်မှလိုအပ်လှတဲ့အရာဖြစ်ပါတယ်။ တကယ်လို့များ မျိုးချစ်စိတ်မရှိဘူးဆိုရင် ကိုယ့်နိုင်ငံအရေးကို သူများက ဝင်စွက်ဖက်ခွင့်ရသွားမယ်။ တစ်နည်းအားဖြင့် အနုနည်းနဲ့သူ့ကျွန်ဘဝရောက်သွားသလိုဖြစ်သွားပါလိမ့်မယ်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနဲ့ပတ်သက်ပြီး ပြောစရာလေးတွေရှိလို့ အရင်ဆုံးပြောပါရစေ။



မျိုးချစ်စိတ်ဓာတ်ဆိုတာ မွေးမြူရတာပါ။ ဘယ်လိုမျိုး မွေးမြူရမလဲဆိုတာနဲ့ပတ်သက်ပြီး လက်တွေ့အခြေအနေတွေနဲ့ နှိုင်းယှဉ်သုံးသပ်သွားပါမယ်။ ဒီလိုမျိုးနှိုင်းယှဉ်ဖို့အတွက် ဥပမာလေးတစ်ခုကို ထုတ်ပြပါရစေ။ အဲဒီဥပမာကတော့ မကြာသေးခင်ကမှ ရုရှားနိုင်ငံမှာ ကြီးကျယ်ခမ်းနားစွာကျင်းပသွားတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကြီးပဲ ဖြစ်ပါတယ်။ အဲဒီအခမ်းအနားကြီးမှာ အထင်ရှားဆုံးအခမ်းအနားက စစ်ရေးပြအခမ်းအနားပဲဖြစ်ပါတယ်။ အဲဒီစစ်ရေးပြအခမ်းအနားကြီးက ရုရှားပြည်သူများ၊ အထူးသဖြင့် ရုရှားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေတဲ့ အခမ်းအနားကြီးလို့ပြောရမှာပါ။

မဟာမျိုးချစ်စစ်ပွဲကြီးဆိုတာ အကြောင်းမဲ့ကင်ပွန်းတပ်ထားတာမဟုတ်ပါဘူး။ သူ့ရဲ့ နောက်ခံအကြောင်းရင်းကိုက တစ်မျိုးသားလုံးရဲဝံ့စွန့်စားမှုရှိစွာ နယ်ချဲ့ရန်ကိုတွန်းလှန်တိုက်ထုတ်နိုင်ခဲ့လို့ မဟာမျိုးချစ်စစ်ပွဲလို့ အမည်တွင်တာဖြစ်ပါတယ်။ ပွင့်လင်းစွာပြောရရင် မျိုးချစ်စိတ်ကိုအရင်းခံပြီး အောင်ပွဲရယူနိုင်ခဲ့တဲ့စစ်ပွဲဖြစ်လို့လည်း မဟာမျိုးချစ်စစ်ပွဲလို့ခေါ်တွင်တာပါ။ သူ့ရှေ့မှာ မျိုးချစ်စစ်ပွဲဆိုတာဖြစ်ပွားခဲ့ပါသေးတယ်။ ၁၈၁၂ ခုနှစ် နပိုလီယံလက်ထက်မှာ ပြင်သစ်က ရုရှားအင်ပါယာကို ကျူးကျော်ခဲ့တာပါ။ အဲဒီစစ်ပွဲကိုတော့ မျိုးချစ်စစ်ပွဲလို့သာခေါ်ပါတယ်။ အခုမဟာမျိုးချစ်စစ်ပွဲကြီးရဲ့ နောက်ခံအကြောင်းရင်းကို ရှင်းပြပါဦးမယ်။

ကမ္ဘာမှာနိုင်ငံပေါင်းစုံပါဝင်ပြီး ကမ္ဘာနဲ့ချီတဲ့စစ်ပွဲကြီးနှစ်ကြိမ်ဖြစ်ပွားခဲ့ဖူးတာ အားလုံးအသိပါ။ သူ့ကို ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်ဆိုပြီးခေါ်ပါတယ်။ ဒီနေရာမှာ ဒုတိယကမ္ဘာစစ်အကြောင်းကိုသာ အဓိကထားပြီးပြောပါမယ်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားရတဲ့အကြောင်းရင်းက ဝင်ရိုးတန်းနိုင်ငံများနဲ့ မဟာမိတ်အဖွဲ့များကြား အားပြိုင်မှုကနေတစ်ဆင့် နယ်ချဲ့ကျူးကျော်မှုတွေ ဖြစ်ပွားလာရတဲ့အတွက်ဖြစ်ပါတယ်။

၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်မှာ နာဇီဂျာမနီတို့က ပိုလန်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်စတင်လာခဲ့ရတာပါ။ အဲဒီအချိန်တုန်းက အခုရုရှားနိုင်ငံဆိုတာ ဆိုဗီယက်ပြည်ထောင်စုကိုဦးဆောင်သူပေါ့။ အစောပိုင်းတုန်းက ဆိုဗီယက်ပြည်ထောင်စုဟာ ဒုတိယကမ္ဘာစစ်ထဲကို ဝင်ပါခြင်းမရှိပါဘူး။ ဒါပေမဲ့ နာဇီဂျာမနီတို့က စစ်သွေးစစ်မာန်တွေတက်ကြွပြီး ဆိုဗီယက်ပြည်ထောင်စုအပေါ်ကျူးကျော်လာတဲ့အတွက် ဆိုဗီယက်ပြည်ထောင်စုကလည်း နာဇီဂျာမနီတို့ရဲ့ကျူးကျော်မှုကို တွန်းလှန်တိုက်ထုတ်ခဲ့တာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ဟာ မဟာမိတ်များနဲ့ ဝင်ရိုးတန်းနိုင်ငံများကြားအားပြိုင်မှုကြောင့် ဖြစ်ပွားရတယ်ဆိုပေမယ့် ဆိုဗီယက်ပြည်ထောင်စုအပေါ် နာဇီဂျာမနီတို့ရဲ့ကျူးကျော်မှုကိုတော့ ဆိုဗီယက်ပြည်ထောင်စုကသာ ကြံ့ကြံ့ခံတွန်းလှန်တိုက်ထုတ်ခဲ့ရတာပါ။ အစောပိုင်းတုန်းကတော့ ဆိုဗီယက်ပြည်ထောင်စုဟာ နာဇီဂျာမနီတို့ရဲ့လက်အောက်ကို ကျရောက်လုနီးပါးဖြစ်ခဲ့ရတာပါ။ ဒါပေမဲ့ ဆိုဗီယက်ပြည်ထောင်စုမှ တစ်ပြည်တည်းသားတွေဟာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မျိုးချစ်စိတ်ဓာတ်တက်ကြွလာမှုနဲ့အတူ စစ်ပွဲကြီးထဲကို ကိုယ်တိုင်အသိစိတ်ဖြင့်ပါဝင်လာပြီး တိုက်ခိုက်မှုတွေ **စာမျက်နှာ ၁၂ သို့** ❍

❍ **စာမျက်နှာ ၁၁ မှအဆက်**

လုပ်ဆောင်ခဲ့ကြခြင်းကြောင့်သာ နာဇီဂျာမနီတို့ကို ဘာလင်မြို့အထိတိုက်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးမှာတော့ ဆိုဗီယက်ပြည်ထောင်စုဖွားနိုင်ငံသားများရဲ့ မျိုးချစ်စိတ်အပေါ် နာဇီဂျာမနီတို့က ဘယ်လိုမှတင်းခံနိုင်ခြင်းမရှိတော့ဘဲ ၁၉၄၅ ခုနှစ် မေလ ၈ ရက် ညပိုင်းမှာ လက်နက်ချအညံ့ခံလိုက်ရပါတော့တယ်။ ဒါကြောင့် ၁၉၄၅ ခုနှစ် မေလ ၉ ရက်ကို မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့အဖြစ် သတ်မှတ်လိုက်တာပါ။



မဟာမျိုးချစ်စစ်ပွဲကြီးဆိုတာက ဆိုဗီယက်ပြည်ထောင်စုဖွားနိုင်ငံသားများရဲ့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှုကို ဖော်ကျူးနေတဲ့စစ်ပွဲကြီးဖြစ်ပါတယ်။ ဒါပေမဲ့ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက်ပိုင်းမှာတော့ ယခင်ဆိုဗီယက်ပြည်ထောင်စုကြီးနဲ့အတူ နယ်ချဲ့တို့ကိုတွန်းလှန်တိုက်ထုတ်ခဲ့ကြသူများရဲ့ သားစဉ်မြေးမြစ်တွေက မျိုးချစ်စိတ်ဆိုတာကိုမေ့လျော့သွားကြပါတယ်။ ဆိုဗီယက်ပြည်ထောင်စုကနေခွဲထွက်သွားပေမယ့် ရုရှားနိုင်ငံနဲ့အတူဆက်လက်တည်ရှိနေတဲ့ နိုင်ငံအချို့ကသာ မျိုးချစ်စိတ်ရှင်သန်ထက်မြက်အောင် သူတို့ရဲ့မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးနေတာတွေ့ရပါတယ်။ ဘယ်လိုနည်းနဲ့ လက်ဆင့်ကမ်းပေးနေလဲဆိုရင် အခုလိုမျိုး စစ်ရေးပြအခမ်းအနားကြီးတွေကို ကြီးကျယ်ခမ်းနားစွာကျင်းပခြင်းအားဖြင့် လက်ဆင့်ကမ်းပေးနေတာပါ။ အခုဆက်ပြီးတော့ စစ်ရေးပြအခမ်းအနားကြီးနဲ့ ပတ်သက်တဲ့ မှတ်သားဖွယ်ရာတချို့ကို ဆက်လက်ပြောပြပါမယ်။ ဟိုးအရင်နှစ်များဆီက မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲအထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို အခုလိုမျိုး ကြီးကျယ်ခမ်းနားစွာကျင်းပနိုင်ခြင်းမရှိခဲ့ပါဘူး။ အဲဒီအချိန်တုန်းက အမေရိကန်နဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ကြား အားပြိုင်မှုများ၊ ပြည်တွင်းရေးမှာ နိုင်ငံရေးလွန်ဆွဲမှုများ အစရှိတဲ့ အကြောင်းရင်းများစွာကြောင့် စစ်ရေးပြအခမ်းအနားကိုကျင်းပနိုင်ခြင်းမရှိခဲ့တာပါ။ အဲဒီအချိန်မှာ ဆိုဗီယက်ပြည်ထောင်စုဖွားနိုင်ငံသားများရဲ့ မျိုးချစ်စိတ်ဓာတ်သည်လည်းမှေးမှိန်ခဲ့ရကာ နောက်ဆုံးမှာ



ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲရသည်အထိ ဖြစ်ခဲ့ရပါတယ်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲရတာက ၁၉၉၁ ခုနှစ်မှာပါ။ အဲဒီအချိန်မှာ အောင်ပွဲနေ့စစ်ရေးပြအခမ်းအနားကျင်းပနိုင်ခြင်းမရှိတဲ့အပြင် ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ရင်ပြင်နီမှာကျင်းပနိုင်ခြင်းမရှိဘဲ ဒေသတချို့မှာသာ ကျင်းပနိုင်ခဲ့ပါတယ်။ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၅၀) ပြည့်မြောက်တဲ့ ၁၉၉၅ ခုနှစ်မှစလို့ ယနေ့အချိန်အထိ တစ်နှစ်မှမပျက်ကွက်ဘဲ စစ်ရေးပြအခမ်းအနားကို ကျင်းပလာခဲ့ခြင်းကြောင့် ရုရှားပြည်သူများရဲ့မျိုးချစ်စိတ်ဓာတ်များသည်လည်း ပြန်လည်ရှင်သန်နိုးကြားလာခဲ့ရပါတယ်။ အထူးသဖြင့် လက်ရှိရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်လက်ထက်မှာ စစ်ရေးပြအခမ်းအနားများကို ကြီးကျယ်ခမ်းနားစွာကျင်းပလာခဲ့တာပါ။ စစ်ရေးပြအခမ်းအနားနဲ့ မျိုးချစ်စိတ်က ဘယ်လိုပတ်သက်နေလဲဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ပြောပါဦးမယ်။ စစ်ရေးပြအခမ်းအနားတစ်ခုခမ်းခမ်းနားနားနဲ့ အောင်မြင်စွာကျင်းပနိုင်ဖို့ဆိုရင် ငွေအား၊ လူအားအစရှိတဲ့အရင်းအမြစ်တွေအားလုံး ထုတ်သုံးရပါတယ်။ စစ်ရေးပြအခမ်းအနားမှာ ပါဝင်စစ်ရေးပြကြသူတွေကလည်း အားမာန်အပြည့်နဲ့ကို စစ်သွေးစစ်မာန်တက်ကြွစွာ ပါဝင်စစ်ရေးပြကြရတာပါ။ စစ်ရေးပြလျှောက်သူတွေရဲ့ လှုပ်ရှားမှုတစ်ခုချင်းစီတိုင်းက ကြည့်နေသူတွေကို ရဲစိတ်ရဲမာန်တက်ကြွစေပါတယ်။ ပြီးတဲ့အခါ သူတို့ဘာကြောင့် အခုလိုမျိုးတက်ကြွမှုနဲ့ စစ်ရေးပြလျှောက်နေရတာလဲဆိုတာကို ဆက်စပ်တွေးမိစေပါတယ်။ အဲဒီလိုတွေးမိတဲ့အခါ စစ်သည်တိုင်းသည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ကာကွယ်စောင့်ရှောက်နေကြသူတွေပါလားဆိုတဲ့ အတွေးဝင်လာစေပါတယ်။ ဒီလိုမျိုးအတွေးဝင်လာမှုနဲ့အတူ ကိုယ်သည်လည်း သူတို့လိုမျိုး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ်တွေ ဖြစ်ပေါ်လာရပါတယ်။ နောက်ဆုံးမှာတော့ မျိုးချစ်စိတ်က ရှင်သန်ထက်မြက်လာရခြင်းပဲဖြစ်ပါတယ်။

အခုရုရှားတို့ရဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲအထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကို ကြည့်လိုက်ရင်လည်း ရုရှားပြည်သူတွေအနေနဲ့ ဘယ်လောက်အထိ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေတယ်ဆိုတာကိုတွေ့ရပါတယ်။ အဲဒီအခမ်းအနားမှာ မဟာမျိုးချစ်စစ်ပွဲကြီးအတွင်း ပါဝင်ဆင်နွှဲတိုက်ခိုက်ခဲ့ကြတဲ့ စစ်သည်တော်ဟောင်းကြီးများကိုယ်တိုင်သာမက သူတို့ရဲ့သားမြေးမြစ်များကိုပါ ခေါ်ဆောင်လာခဲ့တာလည်း တွေ့ရပါသေးတယ်။ ဒါဟာ စစ်သည်တော်ဟောင်းကြီးများက သူတို့ရဲ့မျိုးချစ်စိတ်ဓာတ်ကို သားစဉ်မြေးမြစ်လက်ဆင့်ကမ်းအမွေပေးခြင်းလည်း ဖြစ်ပါတယ်။ စစ်ရေးပြအခမ်းအနားနဲ့ပတ်သက်ပြီး ရုရှားအစိုးရရဲ့ သတ်မှတ်ချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ ဒီစစ်ရေးပြအခမ်းအနားကိုဖိတ်ခေါ်ခံရသူတိုင်းဟာ အသက်ငါးနှစ်အရွယ်ကစလို့ ကလေးငယ်တွေကို ခေါ်လာခွင့်ရှိတယ်ဆိုတဲ့ အချက်ပါပဲ။ အသက်ငါးနှစ်ဆိုတာ တစ်ခုခုကိုအားကျအတုယူတတ်တဲ့အရွယ်၊ သင်လွယ်တတ်လွယ်အရွယ်ဖြစ်တာကြောင့် စစ်ရေးပြအခမ်းအနားကို လာကြည့်တဲ့ သူတို့လေးတွေရဲ့စိတ်ထဲမှာ မျိုးချစ်စိတ်ဓာတ်က မသိမသာဝင်ရောက်နေရာယူသွားပါတယ်။ ဒီလိုနဲ့ သူတို့လေးတွေ အရွယ်ရောက်လာချိန်မှာ သူတို့ရင်ထဲကိန်းအောင်းနေတဲ့ မျိုးချစ်စိတ်ဓာတ်က တဖြည်းဖြည်းနဲ့ ရှင်သန်ရင့်ကျက်ထက်မြက်လာပါတော့တယ်။

ဒီစစ်ရေးပြအခမ်းအနားကို ကျင်းပပေးရခြင်းဟာ မဟာမျိုးချစ်စစ်ပွဲကြီးအတွင်း ပါဝင်တိုက်ခိုက်ခဲ့ကြတဲ့ စစ်သည်တော်များကိုသာမက ဘက်စုံထောင့်စုံမှ ပါဝင်ကူညီပေးခဲ့ကြတဲ့ ပြည်သူများကိုပါ ဂုဏ်ပြုပေးခြင်းဖြစ်တယ်လို့သိရပါတယ်။ ဒါကြောင့်လည်း စစ်ရေးပြအခမ်းအနားကို တက်ရောက်လာကြတဲ့ ရုရှားနိုင်ငံသူ၊ နိုင်ငံသားတိုင်းက စစ်ရေးပြမှာပါဝင်စစ်ရေးပြကြသူများမှတစ်ဆင့် ရုရှားစစ်သည်တော်တွေကိုပါ ယုံကြည်လေးစားအားကိုးတဲ့စိတ်တွေ ဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ ဒီကမှတစ်ဆင့် ရုရှားစစ်သည်တော်တွေနဲ့ ရုရှားပြည်သူတွေကြားမှာ တစည်းတလုံးတည်းရှိလာတာကိုလည်း လေးစားဖွယ်ရာမြင်တွေ့ရပါတယ်။ ဒီလိုမျိုးအခြေအနေဖြစ်လာရခြင်းရဲ့အဓိကအကြောင်းရင်းကို မြစ်ဖျားခံကြည့်တော့ မဟာမျိုးချစ်စစ်ပွဲကြီးရဲ့ အောင်မြင်မှုနဲ့ ဆက်စပ်နေပါတယ်။ မဟာမျိုးချစ်စစ်ပွဲကြီးရဲ့ အောင်မြင်မှုက ရုရှားပြည်သူတွေရဲ့ရင်ထဲမှာ မျိုးချစ်စိတ်ကို ကိန်းအောင်းလာစေတာပါ။ မျိုးချစ်စိတ်ကိန်းအောင်းပြီး ရှင်သန်ထက်မြက်လာမှုက သူရဲကောင်းတွေကို ပေါ်ထွက်လာစေတာဖြစ်တယ်လို့ ကျွန်တော်ကတော့ မြင်မိပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံပြီးရရှိခဲ့တဲ့ အောင်မြင်မှုများစွာရှိပါတယ်။ ဥပမာအားဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်တာမျိုး၊ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တာမျိုး၊ တရုတ်ဖြူတို့ရဲ့ကျူးကျော်စစ်ကို တွန်းလှန်တိုက်ခိုက်တာမျိုးတွေဟာ မြန်မာစစ်သည်တော်များရဲ့ မျိုးချစ်စိတ်ကိုအရင်းခံပြီး အောင်မြင်ခဲ့တဲ့ တိုက်ပွဲတွေဖြစ်ပါတယ်။ မဟာမျိုးချစ်စစ်ပွဲကြီးမှာ ဆိုဗီယက်ပြည်ထောင်စုမှ နိုင်ငံသူ၊ နိုင်ငံသားများက မျိုးချစ်စိတ်ကိုအရင်းခံပြီး သူရဲကောင်းတွေဖြစ်ခဲ့ကြသလို ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း မျိုးချစ်စိတ်ကိုအရင်းခံပြီး ဖြစ်ပေါ်လာခဲ့တဲ့ သူရဲကောင်းတွေများစွာရှိပါတယ်။ ဒီသူရဲကောင်းတွေရဲ့ သားစဉ်မြေးမြစ်တွေသည်လည်း လက်ရှိမြန်မာနိုင်ငံမှာ မှီတင်းနေထိုင်နေကြတုန်းပါပဲ။ ပြောရမယ်ဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံသားအားလုံးက သူရဲကောင်းများရဲ့မျိုးဆက်များဖြစ်ကြပါတယ်။ သူရဲကောင်းများရဲ့ မျိုးဆက်များပီပီ ကျွန်တော်တို့အားလုံးမှာလည်း မျိုးချစ်စိတ်ဓာတ်ဆိုတာရှိပါတယ်။ ဒါကြောင့်လည်း မဟာမျိုးချစ်စစ်ပွဲကြီးကြောင့် ရုရှားနိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ရင်ထဲမှာ မျိုးချစ်စိတ်ဓာတ်ပျံ့နှံ့ရှင်သန်လာသလိုမျိုး ကျွန်တော်တို့ရဲ့ သူရဲကောင်းဘိုးဘေးဘီဘင်များကြောင့်လည်း ကျွန်တော်တို့ရဲ့ ရင်ထဲမှာ မျိုးချစ်စိတ်ပျံ့နှံ့ရှင်သန်လာသင့်ပါတယ်။


**ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အမျိုးမှန်ပြီး အဖိုးတန်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ မြန်မာ့တပ်မတော်ဆိုတာကလည်း သမိုင်းကြောင်းကောင်းများနဲ့ ရှင်သန်ရပ်တည်လာတဲ့၊ ရပ်တည်နေဆဲ၊ ဆက်လက်ပြီး ကမ္ဘာတည်သရွေ့ရပ်တည်သွားမယ့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းမှာပါဝင်ပြီး တာဝန်ထမ်းဆောင်နေကြသူများဟာ သာမန်လူတွေထက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သူများဖြစ်တယ်လို့ဆိုရမှာပါ။ တကယ်တော့ တပ်မတော်သားများသာမက ပြည်သူတစ်ရပ်လုံးကပါ တပ်မတော်သားများနဲ့အတူ တစည်းတလုံးတည်းရှိပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာမယ်ဆိုရင်ဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံသည်လည်း သူရဲကောင်းတို့ပျော်ရာမြေမဟာ ဖြစ်လာမှာဖြစ်ကြောင်း** ရေးသားတင်ပြလိုက်ရပါတယ်။ ။

# နိုင်ငံတော်က အမှန်တကယ်အားထားရသော ကမ္ဘာ့ဒစ်ဂျစ်တယ်ဖွံ့ဖြိုးမှုမျက်နှာစာအထိ ထိုးဖောက်နိုင်ရေးအလေးထားဆောင်ရွက်

**နေပြည်တော် မေ ၁၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာသည်ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ မတ်လ ၁၄ ရက် ခရီးစဉ်လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပင်မဆောင်အဆောက်အအုံတွင် မွမ်းမံရေးလုပ်ငန်းများ၊ ဘက်စုံသုံးခန်းမနှင့် Theater တို့တွင်





လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ တက္ကသိုလ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရုပ်ကောင်းမွန်ရေးဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လာမည့်ဇွန်လ ၂ ရက် ကျောင်းဖွင့်ချိန်အမီ စာသင်ခန်းများနှင့် ကွန်ပျူတာစက်ခန်းများ၊ စာကြည့်တိုက်၊ K-Lab တို့တွင် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်များအတိုင်း တိတိကျကျလိုက်နာ၍ စနစ်တကျဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနသို့ရောက်ရှိပြီး တာဝန်ရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အလုပ်သင်အစီအစဉ်(Internship) ဖြင့် လာရောက်လေ့လာလျက်ရှိကြသော ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ တိုးတက်ပြောင်းလဲမှုမြန်ဆန်လျက်ရှိသော နောက်ဆုံးပေါ် Digital Transformation ဆိုင်ရာ IT နည်းပညာအရွေ့နှုန်းတို့နှင့်အတူ အမီလိုက်ပါနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်က အမှန်တကယ်အားထားရသောကမ္ဘာ့ဒစ်ဂျစ်တယ်ဖွံ့ဖြိုးမှုမျက်နှာစာအထိ ထိုးဖောက်နိုင်သော စွမ်းရည်မြင့် လူငယ် IT ပညာရှင်များဖြစ်စေရေးရည်မှန်းလျက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး ကျောင်းသားများအတွက် စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြဝတီ

# International Medical Corps (IMC) အရေးပေါ်ဆေးအဖွဲ့က ယာယီအရေးပေါ်ဆေးခန်းဖွင့်လှစ်ကာ ပြင်ပလူနာစုစုပေါင်း ၁၄၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး



**နေပြည်တော် မေ ၁၉**

အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပြီးဆုံး၍ပြန်လည်ထွက်ခွာမည့် အမေရိကန်အခြေစိုက် International Medical Corps (IMC) အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား တက်ရောက်သည်။

ဦးစွာ အခမ်းအနားတက်ရောက်သူများသည် မန္တလေးငလျင်ကြီးတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ်တစ်မိနစ်ငြိမ်သက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားရာတွင် မန္တလေးငလျင်ကြီးကြောင့် နိုင်ငံတော်၏အရေးပေါ်အခြေအနေတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဆေးအဖွဲ့ပေါင်း ၂၈ ဖွဲ့လာရောက်ကူညီပေးခဲ့ပြီး International Medical Corps (IMC) အဖွဲ့လည်း အပါအဝင်ဖြစ်ကြောင်း၊ IMC ဆေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၃၀၀ ၌ ဧပြီလ ၁၉ ရက်မှ မေလ ၁၈ ရက်အထိ တစ်လအကြာ ယာယီအရေးပေါ်ဆေးခန်းဖွင့်လှစ်ကာ ပြင်ပလူနာစုစုပေါင်း ၁၄၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြောင်း၊ ထို့ပြင် ဆေးနှင့်ဆေးပစ္စည်းများ၊ ယာယီတဲများနှင့်အဆောက်အအုံသုံးပစ္စည်းများအားလှူဒါန်းသည့်အတွက် ကျေးဇူးများစွာတင်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ IMC အဖွဲ့မှအဖွဲ့ခေါင်းဆောင် Mr.Syed Yasir Ahmed က IMC အဖွဲ့၏ ဆေးကုသမှုများဆောင်ရွက်ရာတွင် အစစအရာရာ အဆင်ပြေချောမွေ့အောင်စီစဉ်ပေးခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၃၀၀ မှ ဆေးရုံအုပ်နှင့်ဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား IMC အဖွဲ့သို့ဂုဏ်ပြုမှတ်တမ်းတင်လွှာနှင့် အမှတ်တရလက်ဆောင်များပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ IMC ဆေးအဖွဲ့သားများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

## ၁၉-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၇၁၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် မေ ၁၉**

ယနေ့နံနက် ဝ၁ နာရီ ၄၅ မိနစ် ၂၆ စက္ကန့်အချိန်တွင် စစ်တွေမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၉၀ ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်(ကျောက်ဖြူမြို့၏ တောင်ဘက် ၂၉ မိုင်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ဝ၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၅၈ ဒီဂရီ၊ အနက် ၂၃ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

# အိန္ဒိယနိုင်ငံကထောက်ပံ့သည့် ဆေးနှင့်ဆေးဝါးများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းသွားမည်

**နေပြည်တော် မေ ၁၉**

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် မေလ ၁၉ ရက်အထိ သေဆုံးသူ ၃၇၂၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၇၉ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၅ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေလ ၁၆ ရက်တွင် အိန္ဒိယနိုင်ငံသံရုံးက ထောက်ပံ့သည့် ဆေးဝါး Paracetamol ၂၀ ဖာ (အလေးချိန် သုည ဒသမ ၂၈၅ တန်) နှင့် မေလ ၁၉ ရက်တွင် အိန္ဒိယနိုင်ငံသံရုံးက ထောက်ပံ့သည့် လိမ်းဆေးနှင့် အိမ်သုံးဆေးဝါး ၁၉ ဖာ (အလေးချိန် သုည ဒသမ ၂၇၉ တန်) ရောက်ရှိခဲ့ပြီး အဆိုပါ အိန္ဒိယနိုင်ငံက ထောက်ပံ့သည့် ဆေးနှင့်ဆေးဝါးများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ရောင်းချ


**နေပြည်တော် မေ ၁၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များရေးဆွဲထားသည့် မြန်မာသက္ကရာဇ်၁၃၈၇-၁၃၈၈ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၆ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၅ ခုနှစ် ဇွန်လမှစတင်၍ တစ်စောင်လျှင် ငွေကျပ်တစ်သောင်းတိတိဖြင့် ရုံးအမှတ်(၃၅) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန (နေပြည်တော်)တွင် ရောင်းချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူထုတ်ဝေဖြန့်ချိခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ထုတ်ဝေနိုင်မည်ဖြစ်ကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် မန္တလေးမြို့တို့အတွင်း ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ




**နေပြည်တော်  မေ  ၁၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ်လ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၄၉ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

မေလ ၁၉ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ခေါက်ဆွဲခြောက်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့တွင် အမဲသား ၊ ဆိတ်သား ၊ ကြက်သား ၊ ဝက်သားတို့အား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် တနင်္လာနေ့တိုင်းလှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့်ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်)ဖြင့် မေလ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အလားတူ မန္တလေးမြို့တွင် လှည့်လည်ရောင်းချပေးလျက်ရှိရာ ဆန် ၊ စားအုန်းဆီ ၊ ဆား၊ ကုလားပဲ ၊ ငါးပိ ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ခေါက်ဆွဲခြောက်တို့ကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ " ပြည်သူ့ကြားက ပြည်သူ့စကား " အစီအစဉ်မှ **"ဓားပြဆန်ဆန်ဆက်ကြေးကောက်၊ လမ်းကြေးတောင်းနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် အခက်တွေ့နေရသောခရီးသွားပြည်သူများ"** ခေါင်းစဉ်ဖြင့် ၂၁-၅-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **" နိုင်ငံတကာထောက်ခံမှုရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ ကြိုးစားလာတဲ့ NUG၊ PDF "** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦးတွေ့ရှိ

**နေပြည်တော်  မေ  ၁၉**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်- ၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၁-၅-၂၀၂၅ ရက် ည ၈ နာရီမှ ၁၈-၅-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၆၁ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၄ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်- ၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ယူဂန်ဒါနိုင်ငံသား ၂၆ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

**နေပြည်တော်  မေ  ၁၉**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် ယူဂန်ဒါနိုင်ငံသား ၂၆ ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယားအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ယူဂန်ဒါနိုင်ငံသား ၂၆ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်လွှဲပြောင်းပေးအပ်စဉ်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်ဘုန်းနှင့်တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ယူဂန်ဒါသမ္မတနိုင်ငံသံရုံး Ambassador H.E. Ms. Betty O. Bigombe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မေလ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၈၆ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၃၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၄၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

★ စာမျက်နှာ ၁၇ မှအဆက်

ထောက်ပံ့ပေးခဲ့ရကြောင်း၊ မတ်လ ၂၈ ရက်တွင်ဖြစ်ပေါ်ခဲ့သည့်မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုအနေဖြင့် ငွေကျပ် ၃၆၂၉ ဒသမ ၂၈၈ ဘီလီယံရှိခဲ့ပြီးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်များ ကြုံတွေ့ခဲ့ရခြင်းမရှိပါက မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်များအပြင် အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်သေဆုံးခဲ့ရမှုများ၊ နိုင်ငံပိုင်လမ်းတံတားအဆောက်အဦများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုများ များစွာရှိခဲ့ကြောင်း၊ ယင်းတို့သည် တိုင်းပြည်အတွက် အရှုံးများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးကြောင့်ထိခိုက်ပျက်စီးမှုများအနည်းဆုံးဖြစ်စေရေးကြိုတင်ပြင်ဆင်မှုကောင်းစွာဖြင့် ကာကွယ်နိုင်ရန်လိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည်လည်း ကြီးမားသည့်ဖြစ်သည့်အတွက် ငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ နိုင်ငံတစ်ခုတိုးတက်ရန်အတွက် စီးပွားရေးအရအားကောင်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်အတွက် အစိုးရတစ်ရပ်အနေဖြင့် တာဝန်ရှိကြောင်း၊ နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားရဦးမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် မူဝါဒကိုသာချမှတ်ပေးမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်အောင်ဖန်တီးပေးရန်နှင့် တိုက်တွန်းပေးရန်မှာ အစိုးရတွင် တာဝန်ရှိပြီး မိမိတို့အနေဖြင့် ချေးငွေများထုတ်ပေးခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လုပ်ငန်းများ ထိုက်သင့်သလောက် အောင်မြင်မှုမရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံနှင့်ပတ်သက်၍လည်း အထွက်နှုန်းအားနည်းနေဆဲဖြစ်ပြီး ပြည်ပမှတင်သွင်းနေရဆဲပင်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းကြောင့် နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ခန့်လျော့နည်းခဲ့သည်ကို တွက်ချက်မှုများအရတွေ့ရှိရကြောင်း၊ သီးထပ်စွမ်းအားများ ရာနှုန်းပြည့်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်ခြင်းမရှိသဖြင့် ဝင်ငွေနည်းရခြင်းဖြစ်ကြောင်း၊ ငွေကြေးဈေးနှုန်းများ မတည်မငြိမ်ဖြစ်ရခြင်းနှင့် ပတ်သက်၍လည်း အချက်တစ်ချက်အနေဖြင့် စဉ်းစားရန်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ဝင်ငွေတိုးတက်အောင် ကုန်ထုတ်လုပ်မှုကိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ငွေကြေးဈေးနှုန်းများ တက်လာမည်မဟုတ်သကဲ့သို့ ကုန်ဈေးနှုန်းများလည်းတိုးမြင့်လာမည်မဟုတ်သဖြင့် မိမိတို့အနေဖြင့် အလုပ်ကိုအမှန်တကယ်လုပ်ကြရန်နှင့် နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းနှင့်ပတ်သက်၍ အဖြေရှာရန်လိုပြီး ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအား မမျှတခြင်းတို့ကိုဖြေရှင်းနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုတိုးမြှင့်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

**လျှပ်စစ်စွမ်းအား လုံလောက်စွာရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး**

လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ မိမိတို့အနေဖြင့်လိုအပ်ချက်ရှိခဲ့ပြီး အချိန်တိုအတွင်းလျှပ်စစ်ရရှိနိုင်ရန် ဆိုလာစွမ်းအင်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် လျှပ်စစ်ဓာတ်အားများထုတ်လုပ်၍မရနိုင်စေရေး စက်ရုံ၊ အလုပ်ရုံများ၊ ဓာတ်အားပေးတိုင်များအား ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်၍ လျှပ်စစ်စွမ်းအားပေးနိုင်ရေး အစွမ်းကုန်ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လမ်းတံတားဖောက်ခွဲဖျက်ဆီးမှုများကို ရက်ပိုင်းအတွင်း နာရီပိုင်းအတွင်း ပြန်လည်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို အမြန်ဆုံးကောင်းမွန်အောင်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင်ဆောင်ရွက်ရန် အခက်အခဲများစွာရှိမည်ဖြစ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထုက ယုံကြည်မှုရှိပြီး အားကိုးရသည့် အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းကြောင်းကောင်းကိုရေးထိုးနိုင်ရန်လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက်တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဆိုင်ရာ အချက်အလက်အကျဉ်းချုပ်၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍဆိုင်ရာများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အထွေထွေတင်ပြချက်များနှင့်စပ်လျဉ်း၍ အသီးသီးဆွေးနွေးတင်ပြခဲ့ပြီး ညှိနှိုင်းအစည်းအဝေးပထမနေ့ကို ညနေပိုင်းတွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပမည့် BADMINTON ASIA REGIONAL CHAMPIONSHIPS 2025 ပြိုင်ပွဲအတွက် ပဏာမလူရွေးချယ်ပွဲကျင်းပမည်



ရန်ကုန် မေ ၁၉

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဇူလိုင်လ ၇ ရက်မှ ၁၂ ရက်ထိကျင်းပမည့် BADMINTON ASIA REGIONAL CHAMPIONSHIPS 2025 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမလူရွေးချယ်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

BADMINTON ASIA REGIONAL CHAMPIONSHIPS 2025 ပြိုင်ပွဲတွင် အသက် ၂၃ နှစ်အောက်အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး၊ အသက်၁၇ နှစ်အောက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးနှင့် အသက် ၁၅ နှစ်အောက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး Mixed Team နှင့် Individual Events ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားထားကြောင်းသိရသည်။

ယင်းပဏာမလူရွေးချယ်ပွဲကို မေလ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် မေလ ၂၄ ရက် နောက်ဆုံးထားစာရင်းပေးသွင်းရမည်ဖြစ်ကာ အသင်းအုပ်ချုပ်သူ၊ နည်းပြအစည်းအဝေးကို မေလ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အသက် ၁၅ နှစ်အောက်ကစားသမားများနှင့် အသက် ၁၇ နှစ်အောက် ကစားသမားများအား ရွေးချယ်သွားမည်ဖြစ်ပြီး အသက် ၂၃ နှစ်အောက် ကစားသမားများကို Sea Games ကစားသမားများထဲမှ ရွေးချယ်မည်ဖြစ်ကာ ယင်းပဏာမလူရွေးချယ်ပွဲတွင် တစ်ဦးချင်းယှဉ်ပြိုင်သည့်စနစ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၆၄၅၁၅၈၄၉ သို့ ဆက်သွယ်၍သော်လည်းကောင်း၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်သို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **ဝန်းရုံခ**

# National Esports Championship ပြိုင်ပွဲများသို့ မြန်မာ့အကောင်းဆုံးလက်ရွေးစင်များကို ရွေးချယ်စေလွှတ်မည်

ရန်ကုန် မေ ၁၉

ထိုင်းနိုင်ငံတွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် ဆီးဂိမ်းအတွက် နိုင်ငံ့လက်ရွေးစင်ရွေးချယ်ပွဲကြီး National Esports Championship: Road to SEA Game 2025 ကို မေလ တတိယပတ်မှစ၍ စတင်ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကာလမှာ မေလတတိယပတ်မှ ဇူလိုင်လ တတိယပတ်အထိ နှစ်လခန့်ကြာမြင့်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် လက်ရည်စစ်ပွဲအတွက် မေလတတိယပတ်မှ စတင်စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

National Esports Championship ပြိုင်ပွဲသည် မြန်မာနိုင်ငံ၏အမြင့်ဆုံးသော Esports အားကစားပြိုင်ပွဲဖြစ်ပြီး လက်ရည်စစ်ပွဲအဆင့်၊ အုပ်စုပြိုင်ပွဲအဆင့်၊ နောက်ဆုံးအဆင့် ဖိုင်နယ်ပြိုင်ပွဲကြီးဟူ၍ အဆင့်သုံးဆင့်ခွဲကာ ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ယခင်ကျင်းပခဲ့သော MESL Pro series Season 2 မှလေးသင်း၊ လူငယ်လက်သစ်များအတွက် ရည်ရွယ်သော Foundation Qualifier ပြိုင်ပွဲမှ နှစ်သင်းနှင့်လာမည့် NEC Open Qualifier မှ လေးသင်း စုစုပေါင်း ၁၀ သင်း ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။ ပြိုင်ပွဲအကြောင်း အသေးစိတ်ကို MESL-Myanmar Esports League Facebook Page မှတစ်ဆင့် မေလဒုတိယပတ်မှစတင်၍ ကြေညာသွားမည်ဖြစ်သည်။

မေလ ၁၆ ရက် Pan Pacific Hotel ၌ မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော M Summit 2025 တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက အမှာစကားပြောကြားပြီး အဖွဲ့ချုပ်မှကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည့် မိတ်ဖက်ကုမ္ပဏီများကို အသိအမှတ်ပြုလက်မှတ်များပေးအပ်သည်။

ထို့ပြင် လူငယ်အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်၍ အဖွဲ့ချုပ်သည်တက္ကသိုလ်အဆင့် Esports အားကစားပြိုင်ပွဲများကို ၂၀၂၄ ခုနှစ်မှစတင်၍ ကျင်းပနေပြီး ယခုနှစ်တွင် တက္ကသိုလ်များကို Yangon Region၊ Other Region နှင့် Private Universities ဟူ၍ ဒေသကြီးသုံးခုခွဲကာ Varsity League Division 1၊ Division 2 နှင့် University Esports Championship ဟူ၍တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ်အဆင့် အီလက်ထရောနစ်အားကစားပြိုင်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားမည်ဖြစ်သည်။ ပြိုင်ပွဲအကြောင်း အသေးစိတ်ကို University Esports Network နှင့် Uni League by MESL Facebook Page တို့မှတစ်ဆင့် ကြေညာသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် Esports အားကစားအသင်းများက မြန်မာနိုင်ငံအိုလံပစ်ကော်မတီဦးဆောင်မှုဖြင့် ၂၀၂၃ ခုနှစ် နိုင်ငံတကာ Esports အားကစားအဖွဲ့ချုပ် (IESF) မှ ကျင်းပသော World Esports Championship တွင် Dota 2 ပြိုင်ပွဲမှ ကမ္ဘာ့အဆင့်ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပသော SEA Games ပြိုင်ပွဲတွင် Mobile Legends: Bang Bang ပြိုင်ပွဲမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံ၌ ကျင်းပသော Hangzhou 19th Asian Games တွင် Honor of Kings ပြိုင်ပွဲမှ အဆင့်(၅)ကိုလည်းကောင်း အောင်မြင်မှုအသီးသီးရယူထားပြီးဖြစ်ရာ လာမည့်(၃၃)ကြိမ်မြောက် SEA Games ပြိုင်ပွဲကြီးတွင်လည်း ရလဒ်ကောင်းများရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

**မြဝတီ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❖ **မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုမဖြစ်မနေလျှောက်လှမ်းရမည်ဖြစ်၊ ထို့ကြောင့် မိမိတို့မူလရည်ရွယ်ချက်တွင်ပါသည့်အတိုင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ရမည်ဖြစ်၊ ရွေးကောက်ပွဲကျင်းပရာတွင် တရားမျှတသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်ရန်လို၊ ရွေးကောက်ပွဲကျင်းပ၍ ရွေးကောက်ခံအစိုးရဖြင့် နိုင်ငံ့အရေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက်အကောင်းဆုံးပင်ဖြစ်၊ ရွေးကောက်ပွဲကျင်းပရန်အတွက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏အဆုံးအဖြတ်ဖြင့် ဆောင်ရွက်နိုင်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထား . . .**

❖ **မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့ချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာအချို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် စာမေးပွဲပြန်လည်ဖြေဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ရ၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည့်အတွက် ပြန်လည်ဖြေဆိုမှုမဆောင်ရွက်စေဘဲ ဖြေလွှာ့မှုဖြင့် စာမေးပွဲအအောင်ပေးရန်ပြောဆိုမှုများရှိ၊ သို့သော် သိက္ခာရှိသည့်အောင်မြင်မှုမျိုးနှင့် နိုင်ငံတကာစံချိန်စံနှုန်းများအရ စာမေးပွဲပြန်လည်ဖြေဆိုရန် မိမိတို့အနေဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်၊ နိုင်ငံတော်မှလည်း စာမေးပွဲပြန်လည်ဖြေဆိုရမည့်ဒေသများ၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် အဆင်ပြေချောမွေ့မှုရှိစေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ . . .**

★ **ရှေ့ဖုံးမှအဆက်**

တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုဆိုင်ရာများ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ တာဝန်စတင်ထမ်းဆောင်ချိန်မှစတင်၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ တာဝန်ပေးအပ်ရာတွင်လည်း တပ်မတော်သားများကိုသာခန့်အပ်ခြင်းမဟုတ်ဘဲ စစ်ဘက်နှင့်နယ်ဘက်မျှတအောင်တာဝန်ပေးခန့်အပ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်ကြည့်ပါက တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပညာရေးအရ၊ စီးပွားရေးအရအားနည်းမှုများရှိကြောင်း၊ အဆိုပါအားနည်းမှုများကြောင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရလှုံ့ဆော်မှုမျိုးစုံကိုခံစားခဲ့ရပြီး တိုင်းပြည်တည်ငြိမ်မှုမရှိခဲ့ခြင်းကို သမိုင်းမှတ်တမ်းများတွင် သမိုင်းသင်ခန်းစာအဖြစ် တွေ့ရှိနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် ပြည်ထောင်စုမပြိုကွဲရေးအတွက် တွက်ဆ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ရေးဆွဲပြီး ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပေးထားသည့်အခွင့်အရေးများ၌ ဖက်ဒရယ်အခွင့်အရေးများပေးထားသည်ကို တွေ့ရကြောင်း။

၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး အာဏာရပါတီကို နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းချိန်၌ အာဏာရပါတီအတွင်း သဘောထားကွဲလွဲမှုများရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင်ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခြင်းများဆောင်ရွက်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကိုလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချိန်၌ အတိုက်အခံပါတီဖြစ်သည့် NLD ပါတီအနေဖြင့် NCA ကို လက်မှတ်ရေးထိုးခြင်းမပြုရန် လှုံ့ဆော်ကန့်ကွက်မှုများရှိခဲ့ကြောင်း။

၂၀၁၅ ခုနှစ် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းတွင် တပ်မတော်အနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါအစိုးရသက်တမ်းကာလအတွင်း နိုင်ငံတော်အတွက် အရေးကြီးသည့်ကာလများ၌ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးအား လုံးဝပြုလုပ်ခြင်းမရှိခဲ့ကြောင်း၊ အလားတူ ဥပဒေနှင့်မညီသည့် ပြဋ္ဌာန်းချက်များအား အတည်ပြုခဲ့ပြီး ဥပဒေနှင့်မညီညွတ်သည့် ကိစ္စရပ်များစွာလုပ်ဆောင်ခဲ့သည်ကိုတွေ့ရကြောင်း။

ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် နိုင်ငံတော်၏ကုန်သွယ်ရေးလိုငွေမှာ ၁၂ ဘီလီယံခန့်နှင့် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် ၁၂ ဘီလီယံခန့် စုစုပေါင်း ၂၅ ဘီလီယံခန့် လိုငွေပြခဲ့ကြောင်း၊ အဆိုပါငွေများအား ပြည်ပအကူအညီများ၊ ချေးငွေများ၊ ကုန်သွယ်မှုမှအပ ဝင်ငွေများဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်တက်လာခဲ့သည်ကို အချက်အလက်များအရ သိရှိရကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားပြီးချိန်၌ ကျောင်းနေရာခိုင်နှုန်းများကျဆင်းခဲ့ကြောင်း၊ ထိုကဲ့သို့ ပညာရေးအားနည်းချက်များကို ဂရုပြုရန်လိုကြောင်း။

၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထူးဒေသများဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင်လည်း NCA လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သမိုင်းတစ်လျှောက်တွင် အခက်အခဲများရှိခဲ့ကြောင်း၊ ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် ငြိမ်းချမ်းရေးညီလာခံအား(၂၁)ရာစု ပင်လုံအဖြစ်အမည်ပြောင်းလဲနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ သမိုင်းကြောင်းအရ အခက်အခဲများရှိလာနိုင်သဖြင့် အသိပေးမှုများဆောင်ရွက်ခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်ကတည်းက ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန် တပ်မတော်က ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများအရ ဗိုလ်မှူးကြီးဟောင်းတင်မောင်ရေးသားသည့် "တိုင်းပြည်ကနုနု၊ မုန်တိုင်းကထန်ထန်" ဆိုသည့်အတိုင်း ၎င်းအချိန်က "ဒီမိုကရေစီကနုနု၊ မုန်တိုင်းကထန်ထန်"ဖြစ်ပေါ်နေသည့်ကာလဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်မနေလျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့မူလရည်ရွယ်ချက်တွင်ပါသည့်အတိုင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်ကြောင်း၊ သို့သော် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင်လည်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသကဲ့သို့ ဖဆပလခေတ်တွင်လည်း အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင်တရားမျှတသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၈၅၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၅၅ တို့တွင် လွှတ်တော်ခေါ်ရာ၌ အထမြောက်သည့် အပိုင်းများကို ထည့်သွင်းရေးသားထားကြောင်း၊ ဥပဒေများအား ချိန်ထိုးကြည့်ရာတွင် ရွေးကောက်ပွဲကို အထမြောက်အောင်ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ ရွေးကောက်ပွဲကျင်းပ၍ ရွေးကောက်ခံအစိုးရဖြင့် နိုင်ငံ့အရေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန်အတွက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်နိုင်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးအရ တာဝန်ယူဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို ခွဲဝေဆောင်ရွက်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရပ်ကွက်ကျေးရွာအဆင့်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့်ဖွဲ့စည်းပုံအခြေခံဥပဒေမှချမှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အရည်အချင်းပြည့်ဝနေရန်လိုကြောင်း၊ အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းနေရန်လိုကြောင်း၊ ထို့ကြောင့် အုပ်ချုပ်သူများအနေဖြင့် အရည်အချင်းပြည့်ဝရန်လိုအပ်သကဲ့သို့ အုပ်ချုပ်မှုအတတ်ပညာ၊ ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေးအမြင်များရှိရန်လိုကြောင်း။

**ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေဖော်ဆောင်ပေးရမည်**

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ပညာတတ် လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေဖော်ဆောင်ပေးရမည်ဖြစ်ပြီး စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ **ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန်လိုအပ်မည်**ဟု ပြောလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးမရမီကတည်းကပင် အားနည်းချက်များရှိခဲ့ကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်းအထောက်အထားများကို လေ့လာကြည့်မည်ဆိုပါက သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရှေးဘုရင်များလက်ထက်က ဥရောပနိုင်ငံများသို့ ပညာတော်သင်များစေလွှတ်ခဲ့သည့် သမိုင်းမှတ်တမ်းများလည်းရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ရှေးဘုရင်များခေတ်က နိုင်ငံတော်၌ကျင့်သုံးခဲ့သည့်ပညာရေးစနစ်များနှင့် ခေတ်အဆက်ဆက်၌ကျင့်သုံးခဲ့သည့် ပညာရေးစနစ်များကို ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာရေးအားနည်းမှုများနှင့် ပတ်သက်ပါက ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်၍ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း ပညာရေးနှင့်ပတ်သက်၍ များစွာမြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပညာရေးညီလာခံများလုပ်ဆောင်ရာ၌ အကြောင်းအရာဖော်ထုတ်ချက်များအပြင် ပညာရေးနှင့်ပတ်သက်၍ မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်မည်ကို လက်တွေ့ကျကျဆုံးဖြတ်ဆောင်ရွက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း နိုင်ငံတော်အတွက် မည်ကဲ့သို့အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေးစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာနှင့်နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကိုဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ပြီး အကျိုးရလဒ်များကို တွေ့မြင်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ်အကျိုးကိုကြည့်၍ စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုများလည်းရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင် အထက်တန်းကျောင်းများကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများအထိုက်အလျောက်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများမွေးထုတ်ပေးနိုင်ရန်လိုအပ်မည်ဖြစ်ကြောင်း။

> ❖ **အကြမ်းဖက်သမားများအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ နှောင့်ယှက်မှုများမဖြစ်ပေါ်စေရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားရန်လို၊ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေမည်ဆိုပါက ထိုသို့ဆောင်ရွက်နေသည့်နေရာဒေသများသည် အခြားဒေသများ၏နောက်တွင်ကျန်နေခဲ့မည်ဖြစ်၊ အကြမ်းဖက်သမားများအနေဖြင့်လည်း ပညာရေးကဏ္ဍကိုနှောင့်ယှက်ဖျက်ဆီးနေခြင်းသည် မိမိတို့အနာဂတ်ကို မိမိတို့ဖျက်ဆီးနေသည်ကို အသိရှိရန်လို . . .**

မတ်လ ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သည့်မြေငလျင်ကြီးဖြစ်ပေါ်ခဲ့ချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာအချို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် စာမေးပွဲပြန်လည်ဖြေဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည့်အတွက် ပြန်လည်ဖြေဆိုမှုမဆောင်ရွက်စေဘဲဖြေလျှော့မှုဖြင့် စာမေးပွဲအအောင်ပေးရန် ပြောဆိုမှုများရှိကြောင်း၊ သို့သော် သိက္ခာရှိသည့်အောင်မြင်မှုမျိုးနှင့် နိုင်ငံတကာစံချိန်စံနှုန်းများအရ စာမေးပွဲပြန်လည်ဖြေဆိုရန် မိမိတို့အနေဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း စာမေးပွဲပြန်လည်ဖြေဆိုရမည့်ဒေသများ၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် အဆင်ပြေချောမွေ့မှုရှိစေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျောင်းများပြန်လည်ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ မေလ ၂၂ ရက်နေ့ဆိုပါက ကျောင်းအပ်နှံရေး ရက်သတ္တပတ်စတင်ပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသအလိုက် ကျောင်းများအားလုံးဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ နှောင့်ယှက်မှုများမဖြစ်ပေါ်စေရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေမည်ဆိုပါက ထိုသို့ဆောင်ရွက်နေသည့်နေရာဒေသများသည် အခြားဒေသများ၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့်လည်း ၎င်းကဲ့သို့ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေခြင်းသည် မိမိတို့အနာဂတ်ကို မိမိတို့ဖျက်ဆီးနေသည်ကို အသိရှိရန်လိုကြောင်း။

**ကျန်းမာရေးကဏ္ဍအားပေးမြှင့်တင်**

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ နေ့စဉ်လူမှုဘဝလှုပ်ရှားမှုများ၌ ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် နေထိုင်သွားလာလှုပ်ရှားမှုများမရှိသည်ကို တွေ့မြင်ရပြီး ကျန်းမာရေးအသိအမြင်များ အားနည်းမှုများရှိနေဆဲဖြစ်ကြောင်း၊ အချို့သောဒေသများ၌ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများကြောင့် ကျန်းမာရေးအရအားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်ပါက ကျန်းမာရေးဝန်ထမ်းများအပြင် ကျန်းမာရေးနှင့် နီးနွယ်သည့်သူများ၊ ပြည်သူများအားလုံး အတူတကွဆောင်ရွက်

အထောက်အကူပြုပစ္စည်းများဖြည့်ဆည်းပေးခြင်းတို့ဖြင့် အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ မိမိတို့စတင်တာဝန်ယူခဲ့စဉ် နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် လုပ်ငန်းခွင်စွန့်ခွာမှုများရှိခဲ့ပြီး ကျန်းမာရေးဝန်ထမ်းအများစုလည်းပါဝင်ခဲ့ကြောင်း၊ ကိုဗစ် -၁၉ ဖြစ်ပွားနေစဉ်ကာလနှင့် နိုင်ငံရေးပဋိပက္ခများဖြစ်ပေါ်နေစဉ်ကာလဖြစ်သဖြင့် ယင်းအကျပ်အတည်းကို မိမိတို့အနေဖြင့် ရှိသည့်အင်အားများကိုစုစည်း၍ ကြိုးပမ်းဆောင်ရွက်ကာ ကျော်လွှားခဲ့ရကြောင်း၊ တပ်မတော်သား ဆရာဝန်၊ ဆေးမှူးများကိုလည်း နိုင်ငံအနှံ့သို့ စေလွှတ်၍ ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့ရကြောင်း၊ အရေးကြီးသည်မှာ ပြည်သူများ၏ ကျန်းမာရေးကိစ္စများ အဆင်ပြေစေ

ကျန်းမာရေးတို့နှင့်ပတ်သက်ပါက လိုအပ်သည်များကို ဖြည့်ဆည်းမြှင့်တင်ပေးသွားရန် မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း။

**သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်လို**

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကို များစွာကြုံတွေ့ခဲ့ရကြောင်း၊ ကပ်ရောဂါကြုံတွေ့ရမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ပဋိပက္ခများကြုံတွေ့ရမှု၊ ငလျင်ဘေးဒဏ်ကြုံတွေ့ရမှုစသည်တို့ဖြင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများစွာဖြစ်ပေါ်ခဲ့ရသကဲ့သို့ ပြည်သူများအနေဖြင့်လည်း တစ်ဦးချင်းထိခိုက်နစ်နာဆုံးရှုံးခဲ့ရမှုများရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုအနေဖြင့်ငွေကျပ်၅၃၄ ဒသမ ၁၄၆ ဘီလီယံဖိုးဆုံးရှုံးခဲ့ရပြီး နိုင်ငံတော်အစိုးရဘတ်ဂျက်မှ ငွေကျပ် ၇၃ ဒသမ ၇၉၇ ဘီလီယံကျော်ဖိုး ပြန်လည်ပြုပြင်ထောက်ပံ့ပေးခဲ့ကြောင်း၊ ပြည်သူတို့၏ ကုန်ကျမှုများမပါရှိသေးဘဲ နိုင်ငံတော်မှ ကုန်ကျမှုသီးသန့်ပင်ဖြစ်ကြောင်း၊

> ❖ **သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများအနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုကောင်းစွာဖြင့် ကာကွယ်နိုင်ရန်လို . . .**
>
> ❖ **လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည်လည်း ကြီးမားသည်ဖြစ်သည့်အတွက် ငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ် . . .**
>
> ❖ **မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်သော်လည်း အမှန်တကယ်အလုပ်လုပ်ခြင်းမရှိသဖြင့် ဝင်ငွေနည်းရခြင်းဖြစ်၊ နိုင်ငံ၏ဝင်ငွေတိုးတက်အောင် ကုန်ထုတ်လုပ်မှုကိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ငွေကြေးဈေးနှုန်းများတက်လာမည်မဟုတ်သကဲ့သို့ ကုန်ဈေးနှုန်းများလည်းတိုးမြင့်လာမည်မဟုတ်သဖြင့် မိမိတို့အနေဖြင့် အလုပ်ကိုအမှန်တကယ်လုပ်ကြရန်နှင့် နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ရန် လိုအပ်မည်ဖြစ် . . .**
>
> ❖ **အကြမ်းဖက်သမားများအနေဖြင့် လျှပ်စစ်ဓာတ်အားများထုတ်လုပ်၍မရနိုင်စေရေး စက်ရုံ၊ အလုပ်ရုံများ၊ ဓာတ်အားပေးတိုင်များအား ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်၍ လျှပ်စစ်စွမ်းအားပေးနိုင်ရေး အစွမ်းကုန်ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိ . . .**
>
> ❖ **မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထုကယုံကြည်မှုရှိပြီး အားကိုးရသည့်အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက် . . .**

ရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် **“ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်”၊ “လူ့အသက်ထက် အရေးကြီးသည်မှာ ဘာမျှမရှိ”၊ “ဆေးရုံတိုင်း ဆရာဝန် ရှိရမည်”** စသည့်မူဝါဒများချမှတ်၍ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများဖြည့်ဆည်းပေးခြင်း၊

ရန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ များစွာဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆေးရုံအဆောက်အဦများ၊ မြေနေရာများနှင့် ပတ်သက်၍လည်း လိုအပ်သည်များဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေး၊

ထို့အတူ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ငွေကျပ် ၄၆၆ ဒသမ ၂၃၁ ဘီလီယံကျော်ဆုံးရှုံးခဲ့ရပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၅၄ ဒသမ ၈၀၇ ဘီလီယံ

**စာမျက်နှာ ၁၅ သို့** ✯

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses SAC government meeting



Senior General Min Aung Hlaing delivers address at the meeting.

NAY PYI TAW May 19

The State Administration Council government held its work coordination meeting at the SAC Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, SAC Joint Secretary General Ye Win Oo, SAC members, union level dignitaries, union ministers, the Nay Pyi Taw Council chair, region/state chief ministers, and deputy ministers.

**Political developments**

In his keynote address, the Senior General said the SAC government assumed the duties of the State in accord with the 2008 Constitution because of vote rigging in 2020 multi-party democracy general election. Since its assumption of the duties, the SAC government has appointed both military personnel and civilians as union level dignitaries, region/state chief ministers in a fair manner. During its days in office, the SAC government has striven to achieve success in carrying out the task.

Throughout history of Myanmar, educational and economic weaknesses can be found in regions and states. Those weaknesses have led to the appearance of political instigations throughout the successive periods, and they were recorded in history as lessons of the past. Non-disintegration of Union was taken into account in writing the 2008 Constitution and adopting multi-party democracy. Federal rights are also included in the rights the 2008 Constitution has provided to regions and states.

After the 2010 multi-party democracy general election, the state duties were transferred to the party that won the election. During its administration under multi-party democracy, disagreements appeared in the ruling party. During the term of the first democracy government, negotiations were held with EAOs for achieving internal peace, and the nationwide ceasefire agreement (NCA) could be signed. During the time, the opposition NLD party launched anti-NCA campaigns.

Tatmadaw provided cooperation to the most possible degree during the term of the second democracy government in 2015. The said government had never organized a National Defence and Security Council meeting even in the times that were vital for the country. In addition, it approved the unlawful provisions and did many acts that were against the law.

The nation saw an about Ks-12 billion trade deficit during the first democracy government, and another about Ks-12 billion during the second democracy government, about Ks-25 billion mark. The governments tried to solve the problem with foreign aid, loans and income from non-trade activities. The data showed an increase in the number of students at schools during the first democracy government. But it dropped during the COVID-19 epidemic. Such trends in education must be aware of.

The State Peace and Development Council government set up special regions for achieving internal peace in 1989. The first democracy government was able to sign the NCA. There were a lot of hardships in the peace process throughout history. The second democracy government changed the name of the peace conference to 21st century Panglong conference. Hence, the appearance of possible hardships due to historical events had to be notified.

The Tatmadaw realized the way to multiparty democracy. The Tatmadaw had already declared the adoption of multi-party democracy in 1988, according to the aspiration of the people. As the name of the book "the country was young, and the storm was fierce" compiled by Col Tin Maung (retired), during that time, democracy was young, and the storm was fierce.

As the government has taken responsibilities of the State in accordance with the 2008 Constitution, it is essential to proceed towards a multi-party democratic system desired by the people. Therefore, elections must be held as originally intended. It would be best if elections could be held on a nationwide scale. However, just as it was not possible to achieve full implementation in the multiparty general elections of 2010, 2015, and 2020, the election was held amidst various difficulties during the AFPFL period. In holding elections, it is important that they are free, fair, and successful. The Constitution outlines significant provisions regarding the

See Page - 19 ●●

●● From Page - 18

convening of the Hluttaw (Parliament) under Sections 85, 128, and 155. A review of the laws shows that elections can be held successfully with substantial participation. Administering national affairs through an elected government is ultimately the best course for the country. The Constitution also stipulates that elections can be held based on the final decision of the National Defence and Security Council.

In carrying out political responsibilities, the government is implementing the separation of powers among the legislative, executive, and judicial branches. With regard to administration, authority has been delegated from the ward and village levels up to the state and region levels. The government is operating in accordance with the policies laid down by the Constitution of the Republic of the Union of Myanmar. Therefore, it is necessary for those from administrative bodies at the state and regional levels, as well as at the district, township, ward, and village levels, to possess sufficient qualifications. Those who hold administrative responsibilities and civil servants must remain free from party politics. Accordingly, administrators must not only be well-qualified but also possess administrative competence, legal knowledge, and a vision for regional development.

**Development of education sector must be initiated**

In order to carry out such tasks effectively, it is essential to develop qualified and capable human resources. It is also necessary to implement economic development, **as only with the presence of educated individuals can the future of the nation be assured with confidence.** Therefore, it is important to consistently hold this belief. Our country has faced weaknesses in the education sector since before gaining independence. This can be understood by studying the historical background of the nation. There are also historical records indicating that, during the reign of ancient kings, scholars were sent to European countries for further study. Thus, it is necessary to revisit and analyze the education systems practised during the monarchical era and those used across generations. Regarding the weaknesses in education, reforms and improvements must be actively undertaken to enhance the sector. The State Administration Council in its tenure has worked to significantly improve the education system. At education conferences, not only were topics presented, but practical decisions on how to enhance the education system were made and implemented. It is also necessary to consider how students who sat for matriculation exams but were unsuccessful can still contribute meaningfully to the nation. Therefore, in consultation with responsible officials and experts, efforts have been made to introduce polytechnic education in relevant fields so that students can enter the workforce. The establishment of Polytechnic Universities that combine computer studies and technology has been successful, and tangible outcomes have been observed. It is crucial for us to manage and implement educational reforms with a long-term perspective in mind. Many students drop out as early as the middle school level. As a result, schools offering vocational training in agriculture, livestock breeding, and industrial arts have been opened and have achieved notable success. It is essential to produce skilled professionals in the fields of agriculture, livestock, and industry.

Due to the powerful Mandalay earthquake that struck on 28 March, some matriculation exam answer sheets were damaged or destroyed. As a result, arrangements had to be made for the exams to be retaken. Although there have been suggestions to grant passing marks through leniency since the damage was caused by a natural disaster, it was decided that students should retake the exams in accordance with academic integrity and international standards. The government has also been providing necessary support and assistance to ensure smooth and convenient conditions for students and teachers in the areas where the exams are to be retaken.

Regarding the reopening of schools, May 22nd marks the beginning of school enrollment week. Regional and state chief ministers, along with responsible officials, must ensure that all schools in their respective areas are able to reopen. It is essential that terrorist groups refrain from any actions that disrupt education. If the education sector is obstructed or destroyed, the affected regions will lag behind others. Terrorists must understand that undermining education is tantamount to destroying their own future.

**Promoting the health sector**

The health sector still faces significant challenges. Daily social activities often lack health-conscious behaviour, and public awareness regarding health remains insufficient. In some regions, violence and conflicts have further weakened healthcare systems. Improving health outcomes is not solely the responsibility of medical professionals but requires cooperation from all related personnel and the general public. The government has implemented key policies, including the principle that **only the healthy can work and study, the recognition that nothing is more valuable than human life, and the mandate that every hospital must have doctors.** Efforts have been made to deploy necessary health workers and provide medical supplies. When the current administration assumed office, many civil servants, including health workers, had already left their posts. During the COVID-19 pandemic and political conflicts, the government mobilized available resources to address these crises, even deploying military doctors and medics across the country to ensure treatment. The primary focus remains on safeguarding public health. Further improvements are needed, particularly in hospital infrastructure and land allocation. Education and healthcare are fundamental sectors that require sustained investment and collaboration. Officials at all levels, including regional and state authorities, must work together to strengthen these areas.

**Preparing for natural disasters**

Myanmar has endured severe natural disasters, including pandemics, extreme weather events, conflicts, and earthquakes, resulting in substantial losses for both the state and its citizens. In 2023, Cyclone Mocha struck Rakhine State, causing damages worth Ks-534.146 billion. The government allocated over Ks-73.797 billion for recovery efforts, let alone spending by the public. The following year, Cyclone Yagi brought torrential rains, leading to losses of Ks-466.231 billion, with Ks-54.807 billion designated for reconstruction. Additionally, the March 28 earthquake in Mandalay resulted in damages totaling Ks-3,629.288 billion, and recovery operations are still underway. Without these disasters, the country's development progress would have been far greater. Beyond natural calamities, terrorist activities have also inflicted heavy casualties, destroyed public infrastructure, and caused significant losses to civilian property—all of which represent major setbacks for the nation. To minimize the impact of such disasters, robust preparedness measures are essential. At the same time, armed conflicts continue to cause immense destruction, underscoring the urgent need for peacebuilding efforts.

Regarding the economy, it is essential for a country to be economically strong to achieve progress. It is the responsibility of the government to strengthen the economy. As the country's GDP is lower than that of neighboring countries, greater efforts must be exerted than are currently being made.The government will focus on setting policies, while the regions and states will be responsible for their effective implementation. It is the government's duty to create employment opportunities and promote job growth. To support this, loans are being provided, and necessary needs are being addressed.However, the work carried out by the regions and states has not been as successful as expected. It is evident that the goals and objectives in agricultural activities have not yet been achieved. In the case of oilseed crops, yields remain low, and the country still relies on imports.According to calculations, the national income has declined by over US$-8 billion as a result of falling short of the agricultural production targets.If the full potential of sequential cropping is utilized, it could generate an additional revenue of approximately US$-14 billion. Although the country possesses fertile land and labor resources, income levels remain low due to the lack of practical implementation.Another important factor to consider is the instability of currency values. If domestic goods production can be increased to boost national income, it would help stabilize the currency and prevent a rise in commodity prices. Therefore, it is essential to carry out responsibilities effectively and actively promote economic growth. It is necessary to identify solutions to the rising cost of goods and to take measures to address the high cost of production as well as the imbalance between supply and demand.Therefore, efforts must be made to increase production.

**The provision of adequate electricity and the improvement of road connectivity**

Regarding the electricity sector, there was a need that was addressed by utilizing solar energy to provide electricity in a short time. Although terrorists have been destroying, disrupting, and threatening factories, workshops, and electricity transmission towers to hinder electricity generation, appreciation is extended to the employees of the Ministry of Electric Power for their dedicated efforts in ensuring the provision of electricity.It is also observed that the Ministry of Transport and Communications is making efforts to repair damage caused by terrorist bombings and the destruction of roads and bridges within days and hours.It was also noted that the Ministry of Construction is working to repair damaged roads and bridges as promptly as possible.Without effective transportation and communication, numerous challenges arise in achieving economic development, which in turn impacts the socio-economic lives of the people. Therefore, the efforts of the relevant ministries are duly recognized.He discussed the importance of establishing a government that the public can trust and rely on, as well as the need to create a positive historical legacy.

Subsequently, the Chairman of the Nay Pyi Taw Council and the Chief Ministers of the Regions and States discussed and presented regional data summaries by region and state, the status of regional development activities, current progress in the administrative, economic, and social sectors, as well as general reports. The first day of the coordinationmeeting was reportedly concluded in the evening.

100

# Putin-Trump phone call underway - report



MOSCOW May 19

On Saturday, US President Donald Trump announced that he plans to speak by phone with Russian President Vladimir Putin on May 19.

The phone conversation between Putin and Trump is still going on, the New York Times reported, citing the White House officials.

Earlier, Reuters reported, citing the White House officials, that the phone call had started.

The two leaders last spoke on March 18, engaging in a two-hour conversation—the longest between them to date. During this call, they agreed to a 30-day halt in strikes targeting energy infrastructure in both Russia and Ukraine.

Peskov added that the telephone conversation represented another step toward a potential in-person meeting between the two presidents, emphasizing that such a meeting would need to be properly prepared.

Prior to this, Putin and Trump had a 90-minute phone call on February 12, during which they discussed the situation in Ukraine.

The US leader called for an immediate end to the hostilities and a peaceful resolution to the crisis.

Trump said he and Putin agreed on the necessity of stopping the conflict in Ukraine.

During their conversation, the Russian president emphasized the importance of addressing the root causes of the conflict in Ukraine. **Sputnik**

# Afghan war crimes probe could blow the lid off the UK military's darkest secrets

LONDON May 19

UK special forces committed horrific killings of civilians in Afghanistan, yet authorities showed no urgency to investigate, M. Ilyas Khan, political analyst and former Pakistan correspondent for the BBC, tells Sputnik.


"The current inquiry by the Royal Court of Justice, if taken to the end in an objective manner and without allowing any official quarters to influence its outcomes, is seen by some observers as one of the most significant probes into British military conduct in modern history," Khan says.

"The involvement of British Special Air Service (SAS) in killing 'unarmed non-combatants' during 2010-13 was first disclosed by the BBC Panorama in 2022," according to the analyst.

After the BBC report, UK military leaders publicly denied the allegations. But later, in an internal memo, the British Defence Ministry described those "allegations" as "broadly accurate." This apparently meant they were aware.

Despite the damning findings, authorities dragged their feet and didn't launch an independent inquiry until 2025. They are now hearing testimonies from whistleblowers, military personnel, families of victims, and legal experts. **Sputnik**

# Suicide bombing kills 10 in African state



MOGADISHU May 19

At least 10 people were killed on Sunday when a suicide bomber detonated explosives outside a military base in Somalia's capital, Mogadishu. The attacker targeted a line of teenage recruits, where scores of young men were waiting to enlist.

The blast occurred at the entrance of the Damanyo military facility and has been claimed by the militant Islamist group Al-Shabaab.

Witnesses at the scene described a devastating aftermath, with scattered footwear and the remains of the suicide bomber strewn across the area.

A military captain identifying himself as Suleiman described the attack, saying a man exited a speeding tuk-tuk, ran into a queue, and detonated explosives. "I saw 10 people dead, including recruits and passers-by. The death toll may rise," he told Reuters.

Medical personnel at a nearby military hospital confirmed to Reuters that 30 people had been admitted with injuries. Six of them succumbed to their wounds shortly after arrival.

Security forces swiftly cordoned off the blast site, restricting access as emergency services and investigators moved in.

In a statement released the same day, Al-Shabaab claimed responsibility for the bombing, alleging it had killed 30 soldiers and wounded 50 more. The group, which maintains links to Al-Qaeda, has been waging a prolonged insurgency in Somalia since 2007. Government officials have yet to publicly respond to the attack.

The explosion bears similarities to a deadly incident in 2023 when a suicide bomber killed 25 soldiers at the Jale Siyad base, situated directly across from Damanyo.

Sunday's bombing came just one day after the assassination of Colonel Abdirahmaan Hujaale, commander of Battalion 26, who was killed in Somalia's Hiiran region. The killing occurred amid growing concerns over reported infiltration of government and security ranks by Al-Shabaab operatives.

**RT**

# 2 killed, 1 missing after train hits pedestrians in U.S. Ohio

CHICAGO May 19

Two people were killed and one child is missing after a train hit several pedestrians in the northwest of the U.S. state of Ohio Sunday night, authorities said.

The incident happened at 7:30 p.m. (2330 GMT) at the Miles Newton Bridge over the Sandusky River in Fremont. Two women died in the incident, and of the two children involved, one is missing and the other was rescued and transferred to a hospital, said Sandusky County Sheriff Chris Hilton.

The emergency crew were searching the Sandusky River for the missing 5-year-old child, said Fremont Mayor Danny Sanchez.

The mayor said it was not common for people to cross at the spot where the pedestrians were struck, although no further details about the location were immediately available.

At least five pedestrians have been involved in the incident, Hilton said.

Fremont police said the bridge was closed, urging the public to stay away. Law enforcement staff were on the scene.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# Electric Vehicle Benefits and Considerations

All forms of electric vehicles (EVs) can help improve fuel economy, lower fuel costs, and reduce emissions. Using electricity as a power source for transportation improves public health and the environment, and provides safety benefits, and contributes to a resilient transportation system.

**Public Health and the Environment**

The transportation sector is the largest source of greenhouse gas emissions in the United States. A successful transition to clean transportation will require various vehicle and fuel solutions and must consider life cycle emissions. Electric and hybrid vehicles can have significant emissions benefits over conventional vehicles. All-electric vehicles produce zero tailpipe emissions, and plug-in hybrid electric vehicles (PHEVs) produce no tailpipe emissions when operating in all-electric mode. Hybrid electric vehicle (HEV) emissions benefits vary by vehicle model and type of hybrid power system.

The life cycle emissions of an electric vehicle depend on the source of the electricity used to charge it, which varies by region. In geographic areas that use relatively low-polluting energy sources for electricity production, electric vehicles typically have a life cycle emissions advantage over similar conventional vehicles running on gasoline or diesel. In regions that depend heavily on conventional electricity generation, electric vehicles may not demonstrate a strong life cycle emissions benefit. Use the Electricity Sources and Emissions Tool to compare life cycle emissions of individual vehicle models in a given location.




**Batteries**

The advanced batteries in electric vehicles are designed for extended life but will wear out eventually. Several manufacturers of electric vehicles are offering 8-year/100,000-mile battery warranties. Predictive modeling(PDF) by the National Renewable Energy Laboratory indicates that today’s batteries may last 12 to 15 years in moderate climates (8 to 12 years in extreme climates). In addition to climate, other factors impacting battery life include driving and charging patterns, battery cell chemistry and design, and the vehicle-battery-environment thermal system.

Check with your dealer for model-specific information about battery life and warranties. Although manufacturers have not published pricing for replacement batteries, some are offering extended warranty programs with monthly fees. If the batteries need to be replaced outside the warranty, it may be a significant expense. Battery prices are expected to continue declining as battery technologies improve and production volumes increase.

**Costs**

Although energy costs for EVs are generally lower than for similar conventional vehicles, purchase prices can be significantly higher. Prices are likely to equalize with conventional vehicles, as production volumes increase and battery technologies continue to mature. Also, initial costs can be offset by fuel cost savings, federal tax credits, and state and utility incentives. The federal Clean Vehicle Tax Credits are available are available to consumers, fleets, businesses, and tax-exempt entities investing in new, used, and commercial clean vehicles—including all-electric vehicles, PHEVs, fuel cell EVs—and EV charging infrastructure. Some states and electric utilities also offer incentives, many of which can be found in the Laws and Incentives database. For more information on available incentives, connect with your local Clean Cities and Communities coalition.

Use the Vehicle Cost Calculator to compare lifetime ownership costs of individual models of electric vehicles and conventional vehicles.

**Fuel Economy**

Electric vehicles can reduce fuel costs dramatically because of the high efficiency of electric-drive components. Because all-electric vehicles and PHEVs rely in whole or part on electric power, their fuel economy is measured differently than that of conventional vehicles. Miles per gallon of gasoline equivalent (MPGe) and kilowatt-hours (kWh) per 100 miles are common metrics. Depending on how they are driven, today's light-duty all-electric vehicles (or PHEVs in electric mode) can exceed 130 MPGe and can drive 100 miles consuming only 25–40 kWh.

HEVs typically achieve better fuel economy and have lower fuel costs than similar conventional vehicles. For example, FuelEconomy.gov lists the 2024 Toyota Corolla Hybrid at an EPA combined city-and-highway fuel economy estimate of 50 miles per gallon (MPG), while the estimate for the conventional 2024 Corolla (four cylinder, automatic) is 35 MPG. Use the Find A Car tool on FuelEconomy.gov to compare fuel economy ratings of individual hybrid and conventional models.

The fuel economy of medium- and heavy-duty all-electric vehicles and PHEVs is highly dependent on the load carried and the duty cycle, but in the right applications, all-electric vehicles maintain a strong fuel-to-cost advantage over their conventional counterparts.

**Infrastructure Availability**

All-electric vehicles and PHEVs have the benefit of flexible charging because the electric grid is near most locations where people park. To safely deliver energy from the electric grid to a vehicle’s battery, an EV charging station, sometimes referred to as electric vehicle supply equipment (EVSE), is needed. Drivers can charge overnight at a residence, including multifamily housing, as well as the workplace or a public charging station when available. PHEVs have added flexibility because they can also refuel with gasoline or diesel (or possibly other fuels in the future) when necessary.

Public charging stations are not as ubiquitous as gas stations. Charging equipment manufacturers, automakers, utilities, Clean Cities and Communities coalitions, states, municipalities, and government agencies are rapidly establishing a national network of public charging stations. The number of publicly accessible charging stations in the United States reached more than 60,000 in 2024, offering more than 162,000 charging ports, according to the Alternative Fueling Station Locator. Search for electric charging stations near you.

**Energy Security and Resilience**

The transportation sector accounts for approximately 30 percent of total U.S. energy needs and 70 percent of U.S. petroleum consumption. Using more energy efficient vehicles like hybrid and electric vehicles supports the U.S. economy and helps diversify the U.S. transportation fleet. The multiple fuel sources used to generate electricity results in a more secure energy source for the electrified portion of the transportation sector. All of this strengthens national energy security by increasing resilience to natural disasters and fuel supply disruptions.

HEVs typically use less fuel than similar conventional vehicles because they employ electric-drive technologies to boost vehicle efficiency through regenerative braking—recapturing energy otherwise lost during braking.

**IEV**

# လိမ်ညာဝါဒဖြန့်ချိမှု ပြည်သူတွေသတိပြု

အောင်နိုင်သူ(ဇွဲကပင်)





PDF အမည်ခံ အကြမ်းဖက်သမားများမှ စာသင်ကျောင်းအတွင်း လက်လုပ်ခဲယမ်းများ ပြုလုပ်နေမှုမှတ်တမ်းဓာတ်ပုံ။

မေလ ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းကျေးရွာ စာသင်ကျောင်းပေါက်ကွဲမှုနဲ့ပတ်သက်ပြီး ပြည်ဖျက်မီဒီယာတွေမှာ လီဆယ်လုပ်ကြံဝါဒဖြန့်တဲ့သတင်းတွေကို တွေ့ရတော့ အရင်ခေတ်က ပြည်သူတွေအကြားမှာ တွင်ကျယ်ပျံ့နှံ့ခဲ့တဲ့ **“မိုးလုံးပြည့်မုသားဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်၊ BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည်၊ အဲဒီကုန်းချောသွေးထိုးသူများမယုံလေနဲ့ သတိထား”**ဆိုတဲ့ စာသားလေးကို ပြန်သတိရမိပါတယ်။ အဲဒီခေတ်က အခုလိုလူမှုကွန်ရက်မီဒီယာတွေ အားမကောင်းသေးပေမယ့် လေလှိုင်းထဲက ပြည်ဖျက်မီဒီယာတွေရဲ့ တိုင်းပြည်ဖျက်နေတာကိုတော့ ပြည်သူလူထုကြီးက ကောင်းကောင်းသိခဲ့ကြရပါတယ်။

အရင်ခေတ်က ပြည်ပအခြေစိုက် ပြည်ဖျက်မီဒီယာတွေဟာ ရေဒီယိုရုပ်သံများကတစ်ဆင့် တိုင်းပြည်ကိုဒုက္ခပေးခဲ့ကြပါတယ်။ တစ်စိတ်တစ်အိတ်လုပ်ပြီး လီဆယ်လုပ်ကြံခဲ့ကြတဲ့ မီဒီယာများ၏သမိုင်းကြောင်းကို အခုလို ဒီပဲယင်း အိုးထိန်းတွင်းကျေးရွာဖြစ်စဉ်နဲ့ပတ်သက်ပြီး ယှဉ်တွဲရှင်းပြနေရတာက အကြောင်းရှိပါတယ်။ ခေတ်ကာလတွေ ဘယ်လိုပဲပြောင်းလဲလာပါစေ၊ ပြည်တွင်းပြည်ပအဖျက်အမှောင့်မီဒီယာတွေရဲ့ ခေတ်အဆက်ဆက် တိုင်းပြည်ဖျက်ဖို့ကြံရွယ်လုပ်ဆောင်နေတာတွေဟာ ယနေ့ထိတိုင် မရပ်တန့်သေးတာကို ပြည်သူလူထုသိစေချင်လို့ ဖြစ်ပါတယ်။

အခုလည်းဒီအတိုင်းပဲဖြစ်ပါတယ်။ အမှန်တရားကဖိနပ်စီးနေတုန်း၊ မုသားကကမ္ဘာပတ်နေပြီဆိုတဲ့အတိုင်း ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းကျေးရွာဖြစ်စဉ်ကို စနစ်တကျဇာတ်လမ်းဇာတ်ကွက်တွေဖန်တီးပြီး ဇာတ်ညွှန်းတွေရေးကာ ပြည်ဖျက်မီဒီယာတွေကတစ်ဆင့် ဝါဒဖြန့်ချိခဲ့ကြပါတယ်။ ဒါကြောင့် ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းကျေးရွာဖြစ်စဉ်နဲ့ပတ်သက်ပြီး ဖြစ်စဉ်အမှန်၊ အမှန်တရားကို ဆန်းစစ်ပြပါမယ်။

ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းစာသင်ကျောင်း ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်တာနဲ့ တစ်ပြိုင်နက်တည်းဆိုသလို ပြည်ဖျက်မီဒီယာတွေမှာ တပ်မတော်ကလေကြောင်းတိုက်ခိုက်လို့ ဖြစ်ရပါတယ်ဆိုပြီး အချိန်ကိုက်တင်လာကြပါတယ်။ သတင်းမှားသလား၊ မှန်သလားဆိုတာကိုတော့ ဘယ်သူမှမဆန်းစစ်၊ မစိစစ်ကြတော့ပါဘူး။ ဒါကို တကယ်ဆန်းစစ်ကြည့်တဲ့အခါ အဲ့ဒီနေရာ အဲ့ဒီအချိန် အဲ့ဒီဒေသကို တပ်မတော်ကလေကြောင်းတိုက်ခိုက်မှုဆောင်ရွက်ခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။

ဒ့ါကြောင့်လည်း ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းကျေးရွာစာသင်ကျောင်းကို တပ်မတော်က လေကြောင်းနဲ့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆရာ၊ ဆရာမ နှစ်ဦးနဲ့ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးခန့် ထိခိုက်သေဆုံးခဲ့ရတယ်ဆိုပြီး တရားမဝင်ပြည်ဖျက်မီဒီယာတွေက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်းကို လူမှုကွန်ရက်မီဒီယာတွေကနေ ကနဦးတုံ့ပြန်ဖြေရှင်းခဲ့သလို မေလ ၁၃ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွေမှာလည်း တရားမဝင်ပြည်ဖျက်မီဒီယာများရဲ့ မဟုတ်မမှန်သတင်းရေးသားဖြန့်ချိမှုဖြစ်ကြောင်း ထုတ်ပြန်ပေးခဲ့တာကို တွေ့ရပါတယ်။

ပြည်ဖျက်မီဒီယာတွေကတော့ ဒီပေါက်ကွဲမှုသတင်းတွေကို လုံးဝမရပ်တန့်ဘဲ လီဆယ်လုပ်ကြံရိုက်ကူးထုတ်လွှင့်နေခဲ့ကြပါတယ်။ သစ္စာဖောက်ဝန်ထမ်း(DCS) ကထိကဟောင်း လောက်ကောင်ဒေါ်ရတီအုန်းကလည်း ဇာတ်လမ်းဇာတ်ကွက်နဲ့တကွ ပြည်ဖျက်မီဒီယာတွေနဲ့ အင်တာဗျူးပြုလုပ်ပြီး သတင်းအမှားကို လိမ်လည်အကောက်ကြံဝါဒဖြန့်လို့ မျက်ရည်ချူပြန်ပါတယ်။

ပြည်သူလူထုကို အလိမ်အညာမုသားတွေသုံးပြီး အစိုးရနဲ့တပ်မတော်ကို ပုံရိပ်ကျဆင်းအောင် လုပ်ကြံဖန်တီးထားတဲ့ ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းကျေးရွာစာသင်ကျောင်းပေါက်ကွဲမှုဖြစ်စဉ်အမှန်ကို အဲ့ဒီရွာကဒေသခံတွေဆီကိုဆက်သွယ်ပြီး စုံစမ်းကြည့်ခဲ့ပါတယ်။ ဒီနေရာမှာ အကြမ်းဖက် NUG လက်အောက်ခံ PDF တွေရဲ့ ခြိမ်းခြောက်မှုတွေကြောင့် ဆက်သွယ်ပြောကြားပေးတဲ့ ရွာသားနာမည်ကို ချန်လှပ်ထားလိုပါတယ်။ အိုးထိန်းတွင်းကျေးရွာစာသင်ကျောင်းကို အကြမ်းဖက် PDF တွေက သူတို့စခန်းအဖြစ်လုပ်ထားတာကြာပြီဖြစ်ပါတယ်။ အဲ့ဒီနေရာမှာ သူတို့က မိုင်းတွေနဲ့ ဗုံးတွေကို ထုတ်လုပ်နေတာဖြစ်ပါတယ်။ ပေါက်ကွဲမှုဖြစ်တဲ့ မေလ ၁၂ ရက် မနက်ပိုင်းက ကလေးတွေကို ဓာတ်ပုံရိုက်ဖို့အတွက် ကျောင်းကိုခေါ်ပြီးမှ သူတို့ PDF အဖွဲ့တွေ အစည်းအဝေးလုပ်မှာဖြစ်လို့ ကလေးတွေကို အိမ်ပြန်ခိုင်းခဲ့ပေမယ့် ကလေးတချို့ကတော့မပြန်ဘဲ ကျောင်းဝင်းထဲမှာ ဆော့ကစားရင်း ကျန်ခဲ့တယ်လို့သိရပါတယ်။ အဲ့ဒီအချိန်မှာ စာသင်ကျောင်းထဲကနေ ကျယ်လောင်တဲ့ပေါက်ကွဲသံကို ကြားလိုက်ရပါတယ်လို့ ဆိုပါတယ်။ ပေါက်ကွဲသံကြားလို့ စာသင်ကျောင်းဘက်ကို သွားကြည့်ကြပေမယ့် အကြမ်းဖက် PDF တွေက ကျောင်းအနားကိုအလာမခံဘဲ သူတို့ရွာသားတွေကိုမောင်းထုတ်ပြီး ပေါက်ကွဲမှုဖြစ်တဲ့နေရာကို သူတို့ PDF အဖွဲ့ကပဲ ရှင်းလင်းမှုတွေလုပ်တယ်လို့ အဲ့ဒီရွာသားကပြောပြပါတယ်။ သူတို့ရဲ့ခဲယမ်းတွေပေါက်ကွဲလို့ အခုဖြစ်တာမျိုးကိုမသိအောင် အချိန်အကြာကြီးရှင်းလင်းမှုတွေလုပ်နေလို့ တချို့ကလေးတွေဆိုရင် ဒဏ်ရာအနည်းငယ်ရပေမယ့် အချိန်မီကုသမှုမခံရလို့ သွေးထွက်လွန်ပြီး သေဆုံးရတဲ့အထိဖြစ်ခဲ့တာလို့လည်း အဲ့ဒီရွာသားက ပြောပြပါတယ်။ အဲ့ဒီနေ့က သူတို့ရွာဘက်မှာ တပ်မတော်က လေယာဉ်ပျံတဲ့အသံကို ဘယ်သူမှမကြားမိဘူးလို့လည်းပြောပြပါတယ်။ ဖြစ်စဉ်အမှန်ကတော့ ဒီလိုပဲဖြစ်ပါတယ်။

အခုလို ပြည်ဖျက်မီဒီယာတွေရဲ့ လိမ်လည်လုပ်ကြံဖန်တီးနေတဲ့ ဒီပေါက်ကွဲမှုဖြစ်စဉ်ကို အချက်သုံးချက်နဲ့ ယုတ္တိရှိ၊ မရှိ ဆန်းစစ်တင်ပြလိုပါတယ်။ **ပထမတစ်ချက်က** အကြမ်းဖက် NUG လက်အောက်ခံ PDF တွေဟာ ကျေးလက်ဒေသတွေမှာရှိတဲ့ စာသင်ကျောင်း၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ ဘုန်းတော်ကြီးကျောင်းနဲ့ ဘုရားစေတီဓမ္မာရုံတွေမှာ စခန်းချတပ်စွဲနေမှုဖြစ်ပါတယ်။ ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာစာသင်ကျောင်း၊ မုံရွာမြို့နယ် စည်သာကျေးရွာစာသင်ကျောင်း၊ ရေစကြိုမြို့နယ် ဘုန်းတော်ပြည့်ကျေးရွာစာသင်ကျောင်းနဲ့ နန်းဦးကျေးရွာစာသင်ကျောင်း၊ ရေလယ်ကျွန်းဒေသ မြေတော်ကျေးရွာစာသင်ကျောင်း၊ ကသာမြို့နယ် မိုးတားလေးကျေးရွာမှာရှိတဲ့ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းနဲ့ စာသင်ကျောင်းစတဲ့နေရာတွေမှာ အကြမ်းဖက်သမားတွေ စခန်းချနေတာကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ သွားရောက်တိုက်ခိုက်ရှင်းလင်းခဲ့ရတဲ့ ဖြစ်စဉ်တွေရှိခဲ့တာကို တွေ့ရပါတယ်။



မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ နန်းဦးကျေးရွာရှိ စာသင်ကျောင်းမှ PDF အမည်ခံအကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်နက်နှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့်မှတ်တမ်းဓာတ်ပုံ။

**ဒုတိယတစ်ချက်အနေနဲ့ကတော့** သူတို့အခြေပြုစခန်းလုပ်ထားတဲ့ စာသင်ကျောင်းတွေကို သိမ်းဆည်းရရှိတဲ့အခါ လက်လုပ်ခဲယမ်း၊ ဗုံးနဲ့ ဒုံးသီးမျိုးစုံသိုလှောင်ထားတာကို တွေ့ရှိသိမ်းဆည်းရမိသလို အဲဒီခဲယမ်းတွေထုတ်လုပ်ဖို့ လိုအပ်တဲ့ဆက်စပ်ပစ္စည်းတွေကိုပါ သိမ်းဆည်းရရှိခဲ့တာကိုလည်း တွေ့ရှိရပါတယ်။



မုံရွာမြို့နယ်၊ စည်သာကျေးရွာစာသင်ကျောင်းအတွင်းမှ လက်နက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့်မှတ်တမ်းဓာတ်ပုံ။

**တတိယအချက်ကတော့** အဲဒီလိုသိုလှောင်ထားတဲ့ လက်လုပ်ခဲယမ်းတွေရဲ့ ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် မတ်လ ၂၃ ရက်နေ့ ရက်စွဲနဲ့ ပြည်ဖျက်မီဒီယာတစ်ခုကနေဖော်ပြထားမှုအရ ဒီပဲယင်းမြို့နယ်ထဲက အကြမ်းဖက်သမားတွေ ထုတ်လုပ်သိုလှောင်ထားတဲ့ လက်လုပ်ခဲယမ်းတွေပေါက်ကွဲမှုဖြစ်လို့ ထိခိုက်ဆုံးရှုံးခဲ့တယ်ဆိုတဲ့ အကြောင်းဖြစ်ပါတယ်။




ဒီပဲယင်းမြို့နယ်တွင် PDF အမည်ခံအကြမ်းဖက်သမားများ၏လက်နက်ခဲယမ်းများ ပေါက်ကွဲခဲ့မှုသတင်းဖော်ပြချက်။

စာမျက်နှာ ၂၃ သို့

○ စာမျက်နှာ ၂၂ မှအဆက်

ဒီလိုဆိုရင် **အကြမ်းဖက်သမားတွေဟာ စာသင်ကျောင်းတွေမှာ စခန်းချတပ်စွဲမှု၊ သူတို့ စခန်းချတပ်စွဲတဲ့နေရာမှာ လက်လုပ်ခဲယမ်းမီးကျောက်တွေကို ထုတ်လုပ်သိုလှောင်ထားမှုနဲ့ အဲဒီခဲယမ်းမီးကျောက်တွေ အချိန်မရွေးပေါက်ကွဲနိုင်မှုတို့ဟာ ဘယ်လိုမှငြင်းချက်ထုတ်လို့မရတဲ့အမှန်တရားတွေဖြစ်ပါတယ်။ အညာဒေသရဲ့ ပူပြင်းလှတဲ့နွေရာသီမှာ သိုလှောင်ထားတဲ့ လက်နက်ခဲယမ်းတွေပေါက်ကွဲပြီး ကလေးသူငယ်တွေကို ထိခိုက်စေခဲ့တာဖြစ်တယ်ဆိုတာ သေချာပါတယ်။**



ဒီနေရာမှာ တစ်ခုစဉ်းစားရမှာက စာသင်ကျောင်းကို တပ်မတော်ကလည်း ဗုံးကြဲမှာမဟုတ်ပါဘူး။ ထွက်ပေါ်လာတဲ့ ဓာတ်ပုံမှတ်တမ်းတွေအရ သူတို့ပြောသလို လေယာဉ်ဗုံးဖြစ်နိုင်၊ မဖြစ်နိုင် ဆန်းစစ်ကြည့်ကြပါ။ တကယ်သာ လေယာဉ်ဗုံးကြဲခဲ့တာဆိုရင် အခုထက်ပိုမိုပျက်စီးမှာဖြစ်သလို အနက် ၁၆ ပေ အကျယ်ပေ ၂၀ လောက်ရှိတဲ့ ကျင်းအနက်ကြီးတွေလည်း ဖြစ်သွားနိုင်ပါတယ်။ သူတို့ပြောသလို ပေါင် ၅၀၀ ဗုံးသာဆိုရင်တော့ ပျက်စီးမယ့်ဧရိယာက ပေ ၁၆၀ ကနေ ပေ ၆၅၀ အထိ ပျက်စီးသွားမှာဖြစ်သလို အပိုင်းအစတွေက ပေ ၁၆၀၀ အထိ လွင့်စဉ်သွားမှာဖြစ်ပါတယ်။ နောက်ပြီး ဓာတ်ပုံတွေအရ ဒီလောက်ဆိုးရွားတဲ့ ထိခိုက်ပျက်စီးမှုမျိုးကို မတွေ့ရခြင်းကလည်း NUG နဲ့ ဒေါ်ရတီအုန်းတို့ရဲ့ လီဆယ်လုပ်ကြံဖန်တီးထားမှုကို ပိုမိုထင်ရှားစေပါတယ်။

ဒီသတင်းကို ဘာအတွက်ကြောင့် လီဆယ်လုပ်ကြံဖန်တီးထုတ်လွှင့်ရသလဲဆိုတဲ့အချက်ကို ဆန်းစစ်ကြည့်တဲ့အခါ အကြမ်းဖက်သမားတွေအနေနဲ့ (၁) စာသင်ကျောင်းကို တပ်စခန်းအဖြစ်အသုံးပြုနေတာကို ဖုံးကွယ်လိုခြင်း။ (၂) စာသင်ကျောင်းကို ခဲယမ်းတိုက်သဖွယ် အသုံးချမှုကြောင့် ကလေးများသေဆုံးခဲ့တာကိုအကြောင်းပြုပြီး တပ်မတော်ကို



ဒီပဲယင်းမြို့နယ်၊ အိုးထိန်းတွင်းကျေးရွာစာသင်ကျောင်းအတွင်း ပေါက်ကွဲမှုမှတ်တမ်းဓာတ်ပုံ။

အပြစ်ပုံချခြင်းဖြင့် တပ်မတော်ပုံရိပ်ကျဆင်းစေရန် အချိန်ကိုက်လုပ်ဆောင်လိုခြင်း။ (၃) NUG၊ PDF တို့အပေါ် ပြည်တွင်းပြည်ပ၏ အာရုံစူးစိုက်မှုကျဆင်းလာသည်ကို ပြန်လည်မြှင့်တင်လိုခြင်း။ (၄) ယခုလုပ်ကြံသတင်းကတစ်ဆင့် နိုင်ငံတကာနဲ့ လူထုကိုချပြခြင်းဖြင့် လူထုသနားကြင်နာမှုကိုပြန်လည်ရယူပြီး ကိုယ်ကျိုးအတ္တအတွက် ထပ်မံအလှူခံစားလိုခြင်းတို့ကြောင့်ဖြစ်တယ်လို့ ယူဆမိပါတယ်။

အချုပ်အားဖြင့်ဆိုရရင်တော့ ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းကျေးရွာစာသင်ကျောင်းပေါက်ကွဲမှုဖြစ်စဉ်ဟာဆိုရင် NUG၊ PDF နဲ့ ပြည်ဖျက်မီဒီယာတွေပူးပေါင်းပြီး လုပ်ကြံဖန်တီးထားတဲ့ဇာတ်လမ်းဖြစ်ပါတယ်။ PDF တွေရဲ့ ဉာဏ်ပညာကင်းမဲ့စွာနဲ့ စာသင်ကျောင်းကို စစ်စခန်း၊ ခဲယမ်းတိုက်သဖွယ် အသုံးချခဲ့တဲ့အကျိုးဆက်ကြောင့် အခုလို ကလေးသူငယ်တွေသေဆုံးမှုဖြစ်ပွားခဲ့တာကို စိစစ်တွေ့ရှိရပေမယ့် ပြည်ဖျက်မီဒီယာတွေနဲ့ပူးပေါင်းပြီး တပ်မတော်ပုံရိပ်ကျဆင်းစေဖို့ ရည်ရွယ်ချက်ရှိရှိ ဇာတ်လမ်းဆင်ထိုးနှက်တိုက်ခိုက်ခဲ့ခြင်းသာဖြစ်ပါတယ်။ ဗြိတိသျှစစ်ပညာရှင် ဆာရစ်ချက်ပြောသလို **“ယနေ့ခေတ်စစ်ပွဲများသည် မီဒီယာမီးရောင်အောက်မှာဖြစ်ပွားကြရပြီး ရှုပ်ထွေးတဲ့သဘောရှိသည်”** ဆိုတဲ့အတိုင်း စစ်ပွဲမှာအသာစီးရဖို့အတွက် မီဒီယာမျိုးစုံသုံးပြီး ဇာတ်နာအောင် ဝိုင်းဝန်းလိမ်ညာကြခြင်းဖြစ်ပါတယ်။ လုပ်ဇာတ်တွေခင်းကြပြီး မဟုတ်မမှန် ဝါဒဖြန့်ချိနေကြတာကလည်း ခေတ်သစ်စစ်ပွဲတွေမှာ ရန်သူရဲ့ခေါက်ရိုးကျိုးနေတဲ့ ဓလေ့စရိုက်ဖြစ်နေတာကို ပြည်သူများသတိပြုမိကြဖို့ လိုပါတယ်။ ပြည်ဖျက်တရားမဝင်မီဒီယာတွေရဲ့ မုသားကိုသကာဖုံးထားတဲ့ ဒီပဲယင်းက အိုးထိန်းတွင်းရွာရဲ့ လိမ်ညာဝါဒဖြန့်ချိမှုများကို ပြည်သူများက အသိ၊ သတိရှိရှိနဲ့ ဖြစ်စဉ်အကြောင်းရာသည် ယုတ္တိရှိ/မရှိ စဉ်းစားချင့်ချိန်သုံးသပ်နိုင်ကြစေရန် အကြံပြုရေးသားလိုက်ရပါတယ်။ ။

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အခမ်းအနားမှူးသင်တန်းဖွင့်လှစ်

**ရန်ကုန်  မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် တာဝန်ရှိသူတို့က သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါအခမ်းအနားမှူးသင်တန်းသို့ သင်တန်းသူ ၄၇ ဦး တက်ရောက်ကြပြီး မေလ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်တိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်သန်းသန်းဝင်းက စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်းနှင့် ယနေ့သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မော်မော်သန်းနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

## ထူးခြားသည့်နေ့အပူချိန်များ

၁၉-၅-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငဖဲမြို့နယ်၌ ကြိုတင်ကာကွယ်သဘာဝဘေးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ငဖဲ  မေ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ မြို့နယ်စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း (Book Club) နှင့်ပူးပေါင်း၍ ကြိုတင်ကာကွယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့တွင် ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက သဘာဝဘေးအန္တရာယ်ဆိုသည်မှာ သဘာဝတရားကြောင့်ဖြစ်ပွားသော ဘေးအန္တရာယ်များကို ဆိုလိုပြီး ဥပမာ- မုန်တိုင်းတိုက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ဆူနာမီများဖြစ်ပေါ်ခြင်း စသည်တို့ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များသည် ဘေးဒဏ်ခံရသောဒေသ၊ ခိုလှုံရန်အကာအကွယ်ရနိုင်မှုအခြေအနေ၊ ဘေးအန္တရာယ်၏ပြင်းအား စသောအချက်များပေါ်မူတည်၍ ဘေးအန္တရာယ်ခံရသောဒေသ၊ နိုင်ငံ၏စီးပွားရေး၊ ဒေသခံတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ထိုဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အကျိုးသက်ရောက်မှုများစွာကို ဖန်တီးပေးကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင် ဒေါ်ငယ်ငယ်ထွေးက မြန်မာနိုင်ငံနှင့်သဘာဝဘေးအန္တရာယ်အကြောင်းသိကောင်းစရာများနှင့် မိဘပြည်သူများအနေဖြင့် မည်သည့်အချိန်အခါမဆို ရာသီဥတုနှင့်ပတ်သက်လာလျှင် မိုးလေဝသသတင်းများကို အထူးဂရုပြုနားထောင်ကာ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားကြရန် အသိပညာပေးဆွေးနွေးကြောင်း သိရသည်။

မယု(ငဖဲ)

# ဇွန်လကုန်မှာ ပထမဆုံးတာဝန်ထမ်းဆောင်တော့မယ့် တရုတ်ရဲ့ဒရုန်းသယ်ယာဉ်




ကျိုထျန်းဆိုတာ တရုတ်လိုဆိုရင် ကောင်းကင်ပြင်ကြီးလို့အဓိပ္ပာယ်ရပါတယ်။ ဒီနေရာမှာတော့ ကျိုထျန်းဆိုတာ ဒရုန်းများရဲ့မိခင်ကြီးလို့ခေါ်ဆိုရမှာပါ။ ဘာကြောင့်လဲဆိုရင် အဲဒီဒရုန်းများရဲ့မိခင်ကြီးက ဒရုန်းငယ်လေးတွေကိုသယ်ဆောင်ပြီး သတ်မှတ်နေရာအရောက်မှာ အဲဒီဒရုန်းတွေကို ပစ်လွှတ်နိုင်မယ့်စွမ်းဆောင်ရည်ကြောင့်ဖြစ်ပါတယ်။

ကျိုထျန်းလို့နာမည်ပေးထားတဲ့ အမြင့်ပျံတာဝေးမောင်းသူမဲ့လေယာဉ်တစ်မျိုးကို ပြီးခဲ့တဲ့နှစ်နိုဝင်ဘာလတုန်းက တရုတ်နိုင်ငံကျူဟိုင်းမြို့မှာလုပ်တဲ့ လေကြောင်းပြပွဲမှာ ထုတ်ဖော်ပြသခဲ့တာတွေ့ရပါတယ်။သူက အမြင့်ပေ ၅၀၀၀၀ ကနေပြီး မိုင်ပေါင်း ၄၃၅၀ အထိပျံသန်းနိုင်တယ်လို့ဆိုပါတယ်။ ဂျက်အင်ဂျင်စွမ်းရည်သုံးဒရုန်းများရဲ့မိခင်ကြီးက ခဲယမ်းနဲ့ဒရုန်းအလေးချိန်စုစုပေါင်း ၆ တန်အထိကိုတင်ဆောင်နိုင်ပါသေးတယ်။ သူ့ရဲ့ပျံတက်ချိန်အမြင့်ဆုံးအလေးချိန်ကတော့ ၁၆ တန်အထိရှိပါတယ်။ တောင်ပံအလျားက ၂၅ မီတာရှိတဲ့အပြင် လက်ရှိကမ္ဘာတစ်ဝန်းအသုံးပြုနေတဲ့ တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်အများအပြားရဲ့အပေါ်ကနေ ပျံသန်းနိုင်စွမ်းရှိပါတယ်။ သူ့ရဲ့ကြီးမားလှတဲ့ကိုယ်ထည်ကြောင့်လည်း အသေခံဒရုန်းများအပါအဝင် ဒရုန်းအစင်းရေပေါင်း ၁၀၀ အထိကိုတင်ဆောင်နိုင်ကာ သူ့ရဲ့ဝမ်းဗိုက်တစ်ဖက်တစ်ချက်စီကနေ အဲဒီဒရုန်းတွေကိုပစ်လွှတ်နိုင်မှာဖြစ်ပါတယ်။

တကယ်လို့သာ အဲဒီဒရုန်းကိုလက်တွေ့အသုံးပြုလိုက်မယ်ဆိုရင် ကျိုထျန်းက တရုတ်တပ်မတော်ရဲ့ ဒရုန်းစွမ်းရည်ကို ပိုမိုတိုးတက်စေမှာအမှန်ပါပဲ။ အဲဒီထဲမှာ တစ်ခုနဲ့တစ်ခုချိတ်ဆက်ထားတဲ့အကြီးစားဒရုန်းတွေလည်းပါဝင်ဦးမှာဖြစ်တဲ့အတွက် ရန်သူရဲ့လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကောင်းစွာထိုးဖောက်ဝင်ရောက်ကာ စစ်ရေးရည်မှန်းချက်များကိုအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ လေယာဉ်တောင်ပံအောက်ကလက်နက်ချိတ်ဆွဲနိုင်တဲ့နေရာရှစ်ခုမှာ အကြီးစားလက်နက်တွေကိုတပ်ဆင်နိုင်မှာဖြစ်ပြီး ကင်းထောက်ခြင်း၊ ထောက်လှမ်းရေးလုပ်ငန်းနဲ့ အီလက်ထရွန်နစ်စစ်ဆင်ရေးတာဝန်များကိုပါ ပူးတွဲထမ်းဆောင်နိုင်မှာပါ။

အခုဆိုရင် ကျိုထျန်းအနေနဲ့ သူ့ရဲ့ပထမဆုံးသောစစ်ဆင်ရေးတာဝန်ကို ဇွန်လကုန်ပိုင်းမှာစတင်ထမ်းဆောင်တော့မှာဖြစ်ပါတယ်။ ဒါဟာ ဒရုန်းများရဲ့မိခင်ကြီးကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှာ ဖြန့်ကြက်အသုံးမပြုမီလုပ်ဆောင်မယ့် အမျိုးမျိုးသောစမ်းသပ်မှုများအနက် ပထမဆုံးသောစမ်းသပ်မှုလည်းဖြစ်ပါတယ်။

ခေတ်သစ်စစ်ပွဲနဲ့ အချိုးမညီစစ်ပွဲတွေမှာ ဒရုန်းများရဲ့စွမ်းဆောင်ရည်က အင်မတန်အရေးကြီးလာတာကြောင့် တရုတ်နိုင်ငံအနေနဲ့ နောက်ဆုံးပေါ်နည်းပညာနဲ့အတူ ပိုမိုတီထွင်ဆန်းသစ်မှုရှိတဲ့ ဒရုန်းတွေကို ပြီးခဲ့တဲ့ဆယ်စုနှစ်အတွင်း တိုးတက်ထုတ်လုပ်လာနေခဲ့တာဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ CH-7 လိုမျိုး ကိုယ်ပျောက်တိုက်ခိုက်ရေးဒရုန်းနဲ့ Wing Loong-X လိုမျိုး ရေငုပ်သင်္ဘောဖျက်ဒရုန်းများကဲ့သို့ အဆင့်မြင့်မားလှတဲ့ဒရုန်းများစွာရှိပါတယ်။ အခုတော့ ကျိုထျန်းသည်လည်း အဲဒီလိုအဆင့်မြင့်ဒရုန်းများစာရင်းမှာဝင်သွားပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ။

Ref: SCMP

ကိုထက်

# ၂၁ တန်စက်ရုပ်ရေငုပ်သင်္ဘောကို ထုတ်ဖော်ပြသလိုက်တဲ့ ဗြိတိန်

ဗြိတိန်နိုင်ငံက သူတို့အတွက်သာမက ဥရောပဒေသအတွက်ပါ ပထမဆုံးဖြစ်လာမယ့်မောင်းသူမဲ့ရောမရေငုပ်သင်္ဘောကို ထုတ်ဖော်ပြသလိုက်ပါပြီ။ အဲဒီရေငုပ်သင်္ဘောအမျိုးအစားက အလွန်အကြီးစားမောင်းသူမဲ့ရေအောက်သွားယာဉ် (XLUUV) ဖြစ်ပြီး သူ့ရဲ့နာမည်ကိုတော့ Excalibur လို့ပေးထားပါတယ်။ အလျားအားဖြင့် ၃၉ ပေရှိတဲ့ Excalibur ဟာစမ်းသပ်ဆဲအဆင့်ရှိ ရေငုပ်သင်္ဘောတစ်မျိုးဖြစ်ပြီး ဗြိတိန်နိုင်ငံရဲ့မောင်းသူမဲ့ရေအောက်စစ်ဆင်ရေးများဆီကူးပြောင်းမှုအတွက် စမ်းသပ်မှုတစ်ခုအဖြစ်ဒီဇိုင်းဆွဲထားတာပါ။



အခုလိုမျိုး မောင်းသူမဲ့ရေငုပ်သင်္ဘောထုတ်ဖော်ပြသတဲ့အခမ်းအနားကို ဒီဗွန်ပေ့ါရေတပ်စခန်းမှာကျင်းပခဲ့တာဖြစ်ပြီး ရေတပ်ဗိုလ်ချုပ်ကြီး ဂျိမ်းပါကင်ဦးဆောင်ကာ AUKUS အဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့တာတွေ့ရပါတယ်။ ဒီရေငုပ်သင်္ဘောကို Project Cetus ဆိုတဲ့အစီအစဉ်အရ တည်ဆောက်ခဲ့တာဖြစ်ပြီး ဒီရေငုပ်သင်္ဘောဟာဗြိတိန်တော်ဝင်ရေတပ်အနေနဲ့ စမ်းသပ်ခဲ့ဖူးတဲ့မောင်းသူမဲ့ရေအောက်သွားယာဉ်များထဲမှာမှအကြီးဆုံးဖြစ်ပါတယ်။

အလေးချိန်အားဖြင့် ၂၁ တန်နဲ့အနံအားဖြင့် ၆ ဒသမ ၅ ပေရှိတဲ့ Excalibur မောင်းသူမဲ့ရေအောက်သွားယာဉ်က မိုင်ပေါင်း ၁၀၀၀ အထိကိုသွားရောက်စစ်ဆင်နိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။ ဒါ့အပြင် သူ့ရဲ့ငုပ်လျှိုးနိုင်တဲ့အကွာအဝေးက လက်ရှိအသုံးပြုနေတဲ့ လူပါရေငုပ်သင်္ဘောများငုပ်လျှိုးနိုင်မှုအကွာအဝေးပိုများတယ်လို့လည်း သိရပါတယ်။ ဒီလိုမျိုးစွမ်းဆောင်ရည်ရှိတဲ့ ရေငုပ်သင်္ဘောကိုထုတ်ဖော်ပြသလိုက်တာဟာ ဗြိတိန်နိုင်ငံရဲ့ရေတပ်အဆင့်မြှင့်တင်မှုမဟာဗျူဟာမှာ သမိုင်းမှတ်တိုင်အသစ်တစ်ခုကိုစိုက်ထူလိုက်နိုင်တာဖြစ်ပါတယ်။

သူ့ရဲ့ကိုယ်ထည်ဒီဇိုင်းက လုံးဝန်းတဲ့ပုံစံရှိပြီး တည်ဆောက်မှုအပိုင်းကလည်း လိုအပ်သလိုပြုပြင်လို့ရနိုင်တဲ့အနေအထားဖြစ်တာကြောင့် ဝန်စည်စလွယ်တွေကိုလွယ်လင့်တကူတင်ဆောင်နိုင်စေမှာပါ။ ဒီလိုတင်ဆောင်နိုင်စွမ်းရှိတဲ့အတွက်လည်း ကင်းထောက်ခြင်းနဲ့ထောက်လှမ်းခြင်းတို့ကဲ့သို့သော လုပ်ငန်းများအပြင် အသံလုံခြုံမှုလိုအပ်တဲ့ရေပြင်မှာလည်း စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်နိုင်စေမှာဖြစ်ပါတယ်။

Excalibur ကိုဗြိတိန်တော်ဝင်ရေတပ်ရဲ့ စမ်းသပ်စစ်ဆေးရေးရေယာဉ်စုမှာတွဲဖက်သွားမှာဖြစ်ပြီး XV Patrick Blackett ဆိုတဲ့ ရေပေါ်သွားစမ်းသပ်ယာဉ်နဲ့အတူပူးတွဲတာဝန်ထမ်းဆောင်သွားမှာပါ။ ဒါမှသာ အနာဂတ်စစ်ဆင်ရေးတွေမှာ ဟန့်တားနှောင့်ယှက်မှုနည်းပညာတွေကိုပါပေါင်းစပ်အသုံးပြုနိုင်စေမှာဖြစ်ပါတယ်။

Excalibur ကိုထုတ်လုပ်ထားသူက Msubs ဆိုတဲ့ကုမ္ပဏီဖြစ်ပြီး သူတို့ကအထူးပြုလုပ်ထားတဲ့မောင်းသူမဲ့ရေအောက်သွားယာဉ်တွေကို ထုတ်လုပ်လေ့ရှိတဲ့ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ လက်ရှိမှာဆိုရင် အဲဒီမောင်းသူမဲ့ရေငုပ်သင်္ဘောက ဒီဗွန်ပေ့ါဆိပ်ကမ်းရဲ့စိတ်ချရတဲ့ရေပြင်မှာ ကနဦးဆိပ်ကမ်းကပ်ခြင်းနဲ့ ပင်လယ်ပြင်မိတ်ဆက်သွားလာခြင်းဆိုတဲ့ လက်တွေ့စမ်းသပ်မှုတွေကိုလုပ်ဆောင်ထားပြီးပါပြီ။ ။

Ref: IE

ကိုထက်

# အစ္စရေးက ဂါဇာဒေသတစ်ခုလုံးကို ထိန်းချုပ်သွားမည်ဟု ဝန်ကြီးချုပ်နေတန်ယာဟုပြော

**ဂျေရုဆလင်၊ စစ်ရေး**

အစ္စရေးက ဂါဇာဒေသတစ်ခုလုံးကို ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်နေတန်ယာဟုက မေလ ၁၉ ရက်တွင်ပြောသည်။ အစ္စရေးတပ်မတော်က ဂါဇာဒေသ၌ စစ်ဆင်ရေးကိုတိုးမြှင့်လုပ်ဆောင်လာနေစဉ် နေတန်ယာဟုက ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဂါဇာကမ်းမြောင်ဒေသသို့ အခြေခံစားကုန်များသာဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ထုတ်ပြန်ကြေညာပြီးနောက် ထိုသို့ဆုံးဖြတ်ရခြင်းသည် သံတမန်ရေးအကြောင်းပြချက်များအတွက် အငတ်ဘေးဆိုက်မှုကိုကာကွယ်ရန်လိုအပ်ခြင်းကြောင့်ဖြစ်သည်ဟု နေတန်ယာဟုကပြောသည်။

"အခုဆိုရင် ကျွန်တော်တို့ရဲ့တိုက်ခိုက်မှုက ပိုမိုပြင်းထန်လာနေပြီး တိုးတက်မှုတွေလည်းရရှိနေပါတယ်။ ကျွန်တော်တို့အနေနဲ့ ကမ်းမြောင်ဒေသတစ်ခုလုံးကို ထိန်းချုပ်သွားမှာပါ" ဟု နေတန်ယာဟုပြောထားခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် ၎င်းတို့၏အဓိကအမာခံထောက်ပံ့သူဖြစ်သည့် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံတကာ၏ ဖိအားများကိုရင်ဆိုင်နေရကာ လွန်ခဲ့သောနှစ်လခန့်ကတည်းက ဂါဇာဒေသအပေါ် ဝိုင်းပတ်ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးရန်နိုင်ငံတကာကတောင်းဆိုထားခြင်းဖြစ်သည်။


ဂါဇာဒေသ၌ အစ္စရေးတို့၏ပိတ်ဆို့ထားမှုများကြောင့် အငတ်ဘေးဆိုက်လုနီးပါးဖြစ်နေပြီဖြစ်ကြောင်း၊ ဂါဇာရှိ ပါလက်စတိုင်းပြည်သူ ၂၂ ရာခိုင်နှုန်းမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့များက မေလတွင်ထုတ်ပြန်ထားသည်။ အစ္စရေးက ထိုကဲ့သို့ပိတ်ဆို့ထားခြင်းသည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်အဖွဲ့အနေဖြင့် အလျှော့ပေးလာစေရန်ဖြစ်ကြောင်း အစ္စရေးအစိုးရကပြောထားသည်။ **Ref: TST**



# အစိုးရရုံးများအနေဖြင့် ပြည်တွင်းဖြစ် EV များဝယ်ယူရန် တရုတ်ညွှန်ကြား

**ပေကျင်း၊ ပြည်တွင်းရေး**

ဝန်ကြီးဌာနများအပါအဝင် အစိုးရရုံးများအနေဖြင့် ပြည်တွင်းဖြစ် EV များကိုသာ ပိုမိုဝယ်ယူရန် တရုတ်အစိုးရကညွှန်ကြားလိုက်ကြောင်း နိုင်ငံပိုင်သတင်းဌာနတစ်ခုက မေလ ၁၈ ရက်တွင်ဖော်ပြထားသည်။



အချိန်ကာလနှင့်အရေအတွက်တို့ကိုမူ အတိအကျပြောထားခြင်းမရှိသော်လည်း အစိုးရက ပြည်တွင်းဖြစ် EV ကားများကို ပိုမိုထောက်ခံမှုပြသသည့်အနေဖြင့် ယခုညွှန်ကြားချက်ကိုထုတ်ပြန်လာခြင်းဖြစ်သောကြောင့် အခြားသူများကလည်း ပြည်တွင်းဖြစ် EV များကိုပိုမိုဝယ်ယူလာနိုင်ဖွယ်ရှိကြောင်း တရုတ်ခရီးသည်တင်ကားအဖွဲ့အစည်းမှ အထွေထွေအတွင်းရေးမှူးကွီတုန်းရှူကပြောထားသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် အစိုးရရုံးအဖွဲ့များအနေဖြင့် ယွမ် ၁၈၀၀၀၀ အောက်ရှိ EV ကားများကိုဝယ်ယူရန်နှင့် နှစ်စဉ်ဝယ်ယူမှုအားသည် တစ်နှစ်တာလုံးရောင်းအား၏ ၃၀ ရာခိုင်နှုန်းရှိရမည်ဖြစ်ကြောင်း အစိုးရရုံးများအုပ်ချုပ်မှုအဖွဲ့နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ထုတ်ပြန်ထားကြောင်းသိရသည်။

**Ref: SCMP**

# ရုရှားနှင့်ဆွေးနွေးရန် ယူကရိန်းကအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းမည်

**ကီယက်၊ နိုင်ငံရေး**

ယူကရိန်းအစိုးရအနေဖြင့် ရုရှားနှင့်ဆွေးနွေးရန် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ကိုဖွဲ့စည်းသွားရန် ယူကရိန်းသမ္မတဗိုလိုဒီမာဇီလန်စကီက ညွှန်ကြားလိုက်ကြောင်းသိရသည်။

"ကျွန်တော့်အနေနဲ့ နိုင်ငံတော်အဆင့်ဆွေးနွေးရေး အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ကိုဖွဲ့စည်းသွားဖို့ ညွှန်ကြားထားပါတယ်" ဇီလန်စကီက အွန်လိုင်းတွင်ရေးထားသည်။ ဇီလန်စကီသည် အစ္စတန်ဘူ၌ ရုရှားကိုယ်စားလှယ်အဖွဲ့နှင့်ဆွေးနွေးခဲ့သည့် ယူကရိန်းကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင် ကာကွယ်ရေးဝန်ကြီးထံမှ တင်ပြချက်ကိုနားထောင်ပြီးနောက် ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

အဆိုပါအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင်အမည်များကို တရားဝင်ထုတ်ဖော်ပြောခြင်းမရှိသော်လည်း ယူကရိန်းအနေဖြင့် ရုရှားနှင့်တိုက်ရိုက်ဆွေးနွေးမှုများအတွက် အသင့်ရှိကြောင်း၊ အဓိကပြဿနာများကို ဖြေရှင်းနိုင်ရန် ခေါင်းဆောင်နှစ်ဦးတွေ့ဆုံပွဲအတွက်လည်းအသင့်ရှိနေကြောင်း ယူကရိန်းသမ္မတကပြောထားသည်။ **Ref: TASS**

## သတင်းတိုကဏ္ဍ

### အမေရိကန်သမ္မတနှင့် ရုရှားသမ္မတတို့ တယ်လီဖုန်းဆက်ဆွေးနွေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့က မေလ ၁၉ ရက်တွင် တယ်လီဖုန်းဆက်ဆွေးနွေးမှုလုပ်ဆောင်ကြောင်းသိရသည်။

အဆိုပါတယ်လီဖုန်းဆက်ဆွေးနွေးမှုလုပ်ဆောင်ရန် ဒေါ်နယ်ထရမ့်က မေလ ၁၇ ရက်တွင်ကြေညာခဲ့ခြင်းဖြစ်ပြီး ထိုသို့ဆွေးနွေးရာတွင် ရုရှားနှင့်ယူကရိန်းတို့ကြားဖြစ်ပွားနေသည့်ပဋိပက္ခများအပြင် နှစ်နိုင်ငံကြား ကုန်သွယ်ရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်သည်ဟု အမေရိကန်သမ္မတကပြောသည်။

လက်ရှိအချိန်အထိ ၎င်းတို့နှစ်ဦးကြားဆွေးနွေးမှုများနှင့်ပတ်သက်၍ တိကျမှုရှိသောသတင်းထုတ်ပြန်ချက်များမထွက်လာသေးသော်လည်း ထရမ့်အနေဖြင့် ရုရှားအား အတိအကျမဖော်ပြနိုင်သောစီးပွားရေးအကျိုးကျေးဇူးများရရှိစေမည့် အခြေအနေများအပြင် ရုရှားနိုင်ငံကို အခြားသောကမ္ဘာ့နိုင်ငံများနှင့်ဆက်ဆံရေးပြန်လည်အဆင်ပြေအောင် ကူညီပေးမည့် အလားအလာတို့ကို ကမ်းလှမ်းသွားနိုင်ကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်ကပြောထားသည်။ **Ref: RT**

### အီရန်၏ ယူရေနီယံသန့်စင်မှုကိုရပ်တန့်ခိုင်းပါက အမေရိကန်နှင့် သဘောတူညီချက်ရရှိမည်မဟုတ်ဟုဆို

အမေရိကန်အနေဖြင့် အီရန်၏ယူရေနီယံသန့်စင်မှုကို ရပ်တန့်ရန်ဖိအားပေးခိုင်းစေလာပါက နှစ်နိုင်ငံကြား နျူကလီးယားသဘောတူညီချက်ရရှိမည်မဟုတ်ကြောင်း အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးမာဂျစ်တက်ရာဗန်ချီကပြောသည်။

ဒေါ်နယ်ထရမ့်က အမေရိကန်သမ္မတအဖြစ်တာဝန်ယူပြီးနောက် အမေရိကန်နှင့်အီရန်တို့ကြား နျူကလီးယားအရေးနှင့်ပတ်သက်၍ တိုက်ရိုက်ဆွေးနွေးမှုသုံးကြိမ်လုပ်ဆောင်ထားပြီးဖြစ်သည်။

ထရမ့်က အမေရိကန်အနေဖြင့် အီရန်နှင့်သဘောတူညီချက်အသစ်အတွက် ပြန်လည်ဆွေးနွေးလိုကြောင်း၊ ဆွေးနွေးမှုမအောင်မြင်ခဲ့ပါက အီရန်အပေါ်ပိတ်ဆို့မှုများထပ်မံချမှတ်သွားမည်ဖြစ်ကြောင်း အီရန်ခေါင်းဆောင်ထံသို့စာပို့ပြီးနောက် နှစ်နိုင်ငံကြားဆွေးနွေးမှုများပြန်လည်လုပ်ဆောင်လာခြင်းဖြစ်သည်။ သို့သော် ထိုဆွေးနွေးပွဲတွင် အမေရိကန်အနေဖြင့် အီရန်၏အရပ်ဘက်သုံးနျူကလီးယားအစီအစဉ်ရပ်တန့်ရေးသာ တောင်းဆိုပါက သဘောတူညီချက်ရမည်မဟုတ်ကြောင်း အီရန်ကပြောခြင်းဖြစ်သည်။ **Ref: Sputnik**

### အမေရိကန်သမ္မတဟောင်းဂျိုးဘိုင်ဒင် ပြင်းထန်ဆီးကျိတ်ကင်ဆာရောဂါခံစားနေရဟုဆို

အမေရိကန်သမ္မတဟောင်းဂျိုးဘိုင်ဒင်သည် ပြင်းထန်ဆီးကျိတ်ကင်ဆာရောဂါခံစားနေရကြောင်း၊ ထိုကင်ဆာသည် အရိုးများအထိပင်ပျံ့နှံ့နေပြီဖြစ်ကြောင်းနှင့်လက်ရှိတွင် ကုသမှုနည်းလမ်းများကို ရွေးချယ်နေကြောင်း ၎င်း၏ရုံးက မေလ ၁၈ ရက်တွင်ထုတ်ပြန်ထားသည်။

ဂျိုးဘိုင်ဒင်သည် ဆီးလမ်းကြောင်းဆိုင်ရာလက္ခဏာများပိုမိုဖြစ်ပွားလာသည်ကိုတွေ့ရပြီးနောက် မေလ ၁၇ ရက်တွင် ဆေးစစ်မှုများလုပ်ဆောင်ရာမှ အဆိုပါရောဂါခံစားနေရသည်ကိုတွေ့ရှိခြင်းဖြစ်သည်။

အသက် ၈၂ နှစ်ရှိနေပြီဖြစ်သည့် ဂျိုးဘိုင်ဒင်ကဲ့သို့ အမျိုးသားသက်ကြီးရွယ်အိုများ၏ဆီးကျိတ်များတွင် ကင်ဆာကလာပ်စည်းများတွေ့ရလေ့ရှိကြောင်း၊ အများစုမှာ ကင်ဆာကလာပ်စည်းကြီးထွားမှုနှေးကွေးလာကြောင်း၊ ဟော်မုန်းကုထုံးသည် အသုံးပြုနေကျကုထုံးဖြစ်ပြီး အကျိတ်များကိုသေးသွားစေနိုင်ကြောင်းသိရသည်။ **Ref: BP**

### ဘာလိုချီစတန်ပြည်နယ်၌ အသေခံဗုံးခွဲမှုဖြစ်ပွား လေးဦးသေဆုံးပြီး ၂၀ ကျော်ဒဏ်ရာရ

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်ရှိ ဈေးတစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ လူလေးဦးသေဆုံးပြီး ၂၀ ကျော်ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါအသေခံဗုံးခွဲတိုက်ခိုက်မှုက မေလ ၁၈ ရက်ည ၁၀ နာရီခွဲတွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ အသေခံဗုံးခွဲတိုက်ခိုက်သူသည် အစိုးရတပ်ဖွဲ့ဝင်များအခြေစိုက်ရာအနီးရှိဈေးအတွင်း ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသော ၎င်း၏ကားကိုဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း၊ အမည်မဖော်လိုသည့် တာဝန်ရှိသူတစ်ဦးကပြောသည်။

အစိုးရတပ်ဖွဲ့ဝင်များအခြေစိုက်နေရာမှဖြတ်သန်းသွားလာနေသည့်ယာဉ်များကို တာဝန်ရှိသူများကလုံခြုံရေးစစ်ဆေးမှုများလုပ်ဆောင်နေသည့်အတွက် အသေခံဗုံးခွဲတိုက်ခိုက်သူမှာ အနီးရှိဈေးအတွင်းသို့ဝင်၍ ဖောက်ခွဲမှုကိုလုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် မည်သည့်အဖွဲ့က ယင်းတိုက်ခိုက်မှုကိုလုပ်ဆောင်သည်ကိုမသိရသေးကြောင်းသိရသည်။ **Ref: Xinhua**

# အမျိုးသမီးအက်ဖ်အေဖလားဖိုင်လ်လုပွဲတွင် ချယ်လ်ဆီးအမျိုးသမီးအသင်းက မန်ယူအမျိုးသမီးအသင်းကိုအနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူး

**လန်ဒန်  မေ  ၁၉**

ယခုဘောလုံးရာသီ အမျိုးသမီးအက်ဖ်အေဖလား ဖိုင်လ်လုပွဲအဖြစ် လက်ရှိချန်ပီယံမန်ယူအမျိုးသမီး အသင်းနှင့် ချယ်လ်ဆီးအမျိုးသမီးအသင်းတို့ကစားရာ ချယ်လ်ဆီးအမျိုးသမီးအသင်းက ၃ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အမျိုးသမီးအက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်တွင် မန်ယူအမျိုးသမီးအသင်းက မြို့ခံပြိုင်ဘက် မန်စီးတီးအမျိုးသမီးအသင်းကိုအနိုင်ရရှိပြီး ဖိုင်လ်လုပွဲ တက်ရောက်နိုင်ခဲ့ကာ ချယ်လ်ဆီးအမျိုးသမီးအသင်း ကလည်း လီဗာပူးအမျိုးသမီးအသင်းကိုအနိုင်ရရှိပြီး ဖိုင်လ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖိုင်လ်လုပွဲတွင် ချယ်လ်ဆီးအမျိုးသမီး အသင်းသည် ပွဲစကတည်းက မန်ယူအမျိုးသမီးအသင်းကို ခြေစွမ်းပိုင်းအသာဖြင့် ကစားနိုင်ခဲ့ပြီး ချယ်လ်ဆီး အမျိုးသမီးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဘယ်တီမိုရီကလည်း ကောင်း၊ ပွဲချိန် ၈၄ မိနစ်တွင် မာကာရီယိုကလည်း ကောင်း၊ ပွဲချိန် ၉၁ မိနစ်တွင် ဘယ်တီမိုရီကလည်း ကောင်း အသီးသီးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအမျိုးသမီးအသင်းသည် ယခုဘောလုံး ရာသီတွင် အမျိုးသမီးအက်ဖ်အေဖလားအပြင် လိဂ်ဖလားနှင့် အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲတို့တွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် တစ်ရာသီ အတွင်း ဆုဖလားသုံးလုံးဆွတ်ခူးနိုင်ခဲ့ကာ အမျိုးသမီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆု ခြောက်ကြိမ်အထိဆွတ်ခူးပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။




*Ref;Fotmob*

# နယ်သာလန်လိဂ်ပြိုင်ပွဲတွင် နောက်ဆုံးပွဲစဉ်အထိ အဆုံးအဖြတ်ကစားပြီးနောက် ပီအက်စ်ဗွီအသင်းက အေဂျက်ဇ်အသင်းထက် တစ်မှတ်အသာဖြင့် ချန်ပီယံဆုဆွတ်ခူးရရှိ

**အမ်စတာဒမ်  မေ  ၁၉**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ နယ်သာလန်လိဂ်ပြိုင်ပွဲ တွင် ချန်ပီယံဆုအတွက် နောက်ဆုံးပွဲစဉ်အထိ အဆုံး အဖြတ်ကစားပြီးနောက် ပီအက်စ်ဗွီအသင်းက အေဂျက်ဇ်အသင်းထက် တစ်မှတ်အသာဖြင့် ချန်ပီယံ ဆုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

နယ်သာလန်လိဂ်ပြိုင်ပွဲ၌ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲ အလိုတွင် ပီအက်စ်ဗွီအသင်းက ရမှတ် ၇၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေသော်လည်း အမှတ်ပေးဇယားအဆင့်(၂)နေရာမှ အေဂျက်ဇ်အသင်း က ရမှတ် ၇၅ မှတ်ဖြင့် ချန်ပီယံဆုအတွက် ဖိအားပေး နေ၍ နောက်ဆုံးပွဲစဉ်အထိ အကြိတ်အနယ်ရှိခဲ့ သည်။ နောက်ဆုံးပွဲစဉ်တွင် အေဂျက်ဇ်အသင်းက တွမ်တီးအသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပီအက်စ်ဗွီအသင်းကလည်း စပါတာရော့စတာဒမ် အသင်းကို ၃ ဂိုး- ၁ ဂိုးဖြင့်အနိုင်ရရှိရာ ပီအက်စ် ဗွီအသင်းက အေဂျက်ဇ်အသင်းထက် တစ်မှတ်အသာ ဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နယ်သာလန်လိဂ်ပြိုင်ပွဲပြီးဆုံးချိန်တွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ပီအက်စ်ဗွီအသင်းနှင့် အဆင့်(၂) နေရာမှ အေဂျက်ဇ်အသင်းတို့က လာမည့်ဘောလုံး ရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့် ရရှိပြီး အဆင့်(၃)နေရာမှ ဖီယင်နူအသင်းက ခြေစစ် ပွဲအဆင့်မှ ဝင်ခွင့်ရရှိခဲ့သည်။

အလားတူ အဆင့်(၄)နေရာမှ အုထရက်အသင်း က ယူရိုပါလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှဝင်ခွင့်ရရှိ ခဲ့ပြီး အဆင့်(၅)နေရာမှ အယ်လ်ခမာ၊ (၆)နေရာမှ တွမ်တီး၊ (၇)နေရာမှ အီးဂဲလ်အသင်းနှင့် (၈)နေရာမှ နီမီဂျန်အသင်းတို့က ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှဝင်ခွင့်ရရှိကာ အဆင့်(၁၇)နေရာမှ ဝယ်လ်ဝီဂျစ်အသင်းနှင့် အဆင့်(၁၈)နေရာမှ အယ်မီရီ အက်ဖ်စီအသင်းတို့က လိဂ်-၂ ပြိုင်ပွဲသို့ တန်းဆင်းခဲ့ ရပြီး အဆင့်(၁၆)နေရာမှ ဝီလီယံအသင်းက လိဂ်-၂ ပြိုင်ပွဲမှ အသင်းတစ်သင်းနှင့်ရှုံးထွက်ကစားရမည် ဖြစ်ကြောင်း သိရသည်။

*Ref;B/R Football*

# ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ပွဲဦးထွက်ဘောလုံးရာသီနှစ်ရာသီဆက် သွင်းဂိုးအများဆုံး ကစားသမားဆုဆွတ်ခူးနိုင်သည့် ပထမဆုံးကစားသမားအဖြစ် ဟယ်ရီကိန်းမှတ်တမ်းဝင်



**ဘာလင်  မေ  ၁၉**

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် ပွဲဦးထွက်ဘောလုံးရာသီ နှစ်ရာသီဆက် သွင်းဂိုးအများ ဆုံးကစားသမားဆု ဆွတ်ခူးနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ် ကစားသမား ဟယ်ရီကိန်းက မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဟယ်ရီကိန်းသည် ယခုဘောလုံးရာသီတွင် ဂျာမန် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ ဘိုင်ယန်မြူးနစ်အသင်း နှင့်အတူ ၃၁ ပွဲကစားခဲ့ရာ ၂၆ ဂိုးသွင်းယူနိုင်ခဲ့ပြီး နောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် လေဗာကူဆင်အသင်းမှ ပက်ထရစ်ရှစ်ချ်နှင့် ဒေါ့မွန် အသင်းမှ ဂူရယ်ဆီတို့ထက် ငါးဂိုးအသာဖြင့် သွင်းဂိုး အများဆုံးကစားသမားဆုကို ဆွတ်ခူးပြီးနောက် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ၂၀၂၃ ခုနှစ် နွေရာသီကစား သမားအပြောင်းအရွှေ့ကာလက စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီး နောက် အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ ဘောလုံး ရာသီက ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ၃၆ ဂိုးအထိ သွင်းယူနိုင်ခဲ့ကာ ပထမဆုံးဘောလုံးရာသီတွင် သွင်းဂိုးအများဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့ သည်။ ထို့ပြင် ပွဲဦးထွက်ဘောလုံးရာသီတွင် ဂျာမန် ဘွန်ဒက်စ်လီဂါသွင်းဂိုးအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း တစ်ရာသီသွင်းဂိုးအများဆုံးကစားသမားဆုကို ထပ်မံ ဆွတ်ခူးခဲ့သောကြောင့် ပွဲဦးထွက်ဘောလုံးရာသီ နှစ်ရာသီဆက် သွင်းဂိုးအများဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၁ နှစ်အရွယ် ဟယ်ရီကိန်းသည် ပရော် ဖက်ရှင်နယ်ကစားသမားဘဝတွင် စပါးအသင်း၌ ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုကြာ ကစားခဲ့သော်လည်း ဆုဖလားတစ်လုံးမှ ဆွတ်ခူးနိုင် ခြင်းမရှိဘဲ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ရာမှ ယခုဘောလုံးရာသီတွင် အသင်းနှင့် အတူ ဂျာမန်ဘွန်ဒက်စ်လီဂါဖလား ဆွတ်ခူးနိုင်သည့် အတွက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ပထမဆုံး ဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အသင်းနှင့်အတူ နှစ်ရာသီအတွင်း ပြိုင်ပွဲစုံ ၉၁ ပွဲကစားပြီးချိန်တွင် ၈၂ ဂိုးအထိ သွင်းယူထားနိုင်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# နယူးကာဆယ်အသင်းကိုအနိုင်ရရှိပြီး အာဆင်နယ်အသင်း အဆင့်(၂) နေရာအတွက် သေချာခဲ့

**လန်ဒန်  မေ  ၁၉**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၇)တွင် အာဆင်နယ် အသင်းက နယူးကာဆယ်အသင်းကို ၁ ဂိုး- ဂိုးမရှိ ဖြင့်အနိုင်ရရှိသည့်အတွက် ပြိုင်ပွဲပြီးဆုံးရန်တစ်ပွဲ အလိုတွင် အဆင့်(၂)နေရာအတွက် သေချာခဲ့ကြောင်း သိရသည်။

ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ချန်ပီယံဆုအတွက် အစောပိုင်းက လီဗာပူးအသင်းကို ဖိအားပေးလာခဲ့သည့် အာဆင်နယ်အသင်းသည် နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်ပိုင်းမတည်ငြိမ်မှုများ ကြောင့် ချန်ပီယံဆုမျှော်လင့်ချက် လက်လွှတ်ခဲ့ရ သည့်အပြင် အဆင့်(၂)နေရာအတွက်လည်း ဖိအား များနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

သို့သော် အာဆင်နယ်အသင်းသည် ပွဲစဉ်(၃၇)တွင် နယူးကာဆယ်အသင်းကို အနိုင်ရရှိသည့်အတွက် ရမှတ် ၇၁ မှတ်ရရှိပြီး အဆင့်(၃)နေရာမှ နယူး ကာဆယ်အသင်းကို ရမှတ်ငါးမှတ်ဖြတ်တောက်နိုင် သောကြောင့် အဆင့်(၂)နေရာအတွက် သေချာခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုဘောလုံးရာသီ နောက်ဆုံးပွဲစဉ်အဖြစ် မေလ ၂၅ ရက်တွင် ဆောက် သမ်တန်အသင်းနှင့် အဝေးကွင်း၌ ကစားရမည်ဖြစ် ကြောင်း သိရသည်။

*Ref;Fotmob*

# တာချီလိတ်မြို့၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**တာချီလိတ် မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စုပေါင်းရုံးဓမ္မာရုံ၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို မေလ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး တောင်ထန်းသာသနာပြု(ဗဟို)ကျောင်းတိုက်မှ လက်ထောက်သာသနာပြုဆရာတော် ဘဒ္ဒန္တအဂ္ဂညာဏ(သာသနဓဇဓမ္မာစရိယ)က ရောင်ခြည်တော်ဖွင့် ဂါထာတော်ဖြင့် ဘုရားပင့်၍ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုလန္ဒဓမ္မ (သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ) ထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပဋ္ဌာန်းအဋ္ဌကထာ ပဏာမဂါထာတော်ဖြင့် ပဋ္ဌာန်းကျမ်းတော်ကြီးကို တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တကုသလက ဂါရဝပူဇော်မင်္ဂလာအမှုပြုပြီး တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက်မှ ဘဒ္ဒန္တကုသလ (ဓမ္မာစရိယ)က ပဋ္ဌာန်းတရားနာကြားရန် နတ်ပြဟ္မာများအား ပင့်ဖိတ်တော်မူ၍ တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက်မှ သာသနာပြုဆရာတော် ဘဒ္ဒန္တသာသန (သာသနဓဇဓမ္မာစရိယ သာသနတက္ကသီလ ဓမ္မာစရိယ BA)က ပဋ္ဌာန်းဒေသနာဖြင့်ဖတ်ကြားပူဇော်ကာ ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာကြသူများက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်အား ရွတ်ဖတ်ပူဇော်ပြီး ပဋ္ဌာန်းတရားတော်မြတ်ကြီးကို ဆရာတော်များက ဆက်လက်ရွတ်ဖတ်ပူဇော်သည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းကို ပြည်သူများ ရောဂါသောကအန္တရာယ်အနှောင့်အယှက်မှန်သမျှကင်းဝေးပြီး ကောင်းကျိုးသုခ အဝဝကို ရရှိခံစားနိုင်ပါစေခြင်းအကျိုးငှာ မေလ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်တိုင် ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်၊ နေမင်း(တာချီလိတ်)**

# သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းဖွင့်

**မိုင်းယန်း မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စု ပန်ဆောင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို မေလ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်ကျော်က ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုလို သဘာဝမြေသြဇာထုတ်လုပ်နည်းပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းသို့ ပန်ဆောင်ကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သဘာဝမြေသြဇာ ထုတ်လုပ်နည်း၊ ပိုးသတ်ဆေးပြုလုပ်နည်းနှင့်သုံးစွဲနည်းများ၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းအမျိုးမျိုး၊ သီးနှံအထွက်နှုန်းတိုးတက်စေရန် ဆောင်ရန်၊ ရှောင်ရန်များ စသည့်နည်းပညာများကို သုံးရက်ကြာ ကျွမ်းကျင်နည်းပြဆရာများက အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**



# မိုင်းပျဉ်းမြို့၌ ကျောင်းအပ်နှံရေးမြေစိုက်ပိုစတာများစိုက်ထူ

**မိုင်းပျဉ်း မေ ၁၉**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ အခြေခံပညာအထက်တမ်းကျောင်းရှေ့၊ မြို့မဈေးအရှေ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့တို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာစိုက်ထူခြင်းကို မေလ ၁၈ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

အဆိုပါ ကျောင်းအပ်နှံရေးသီတင်းပတ်မြေစိုက်ပိုစတာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းဟွမ်နွမ်းနှင့် ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ကစိုက်ထူပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

မိုင်းပျဉ်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကို မေလ ၂၂ ရက်မှ ဇွန်လ ၁ ရက်အထိ KG တန်းမှ Grade-12 အထိ ကျောင်းအပ်လက်ခံပေးသွားမည်ဖြစ်ကြောင်းသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

# အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကျင်းပ

**မိုင်းဆတ် မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် လူငယ်၊ လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို မေလ ၁၉ ရက်နံနက်ပိုင်းတွင် အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်သန္တာအောင်က အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ နွေရာသီကျောင်းပိတ်ရက်တွင် လူငယ်များအနေဖြင့် အခြားဗဟုသုတများနှင့် စာပေအသိပညာဗဟုသုတများ ရရှိစေရန် စာအုပ်စာပေများဖတ်ရှုစေလိုကြောင်းကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေးစာအုပ် စာစောင်များ၊ မူးယစ်ဆေးဝါးအမျိုးအစားများနှင့် သုံးစွဲခြင်းဖြင့် ရရှိနိုင်သည့် ဆိုးကျိုးအန္တရာယ်များ၊ လူကုန်ကူးမှုအသိပညာပေးအကြောင်းအရာများပါဝင်သည့် နံရံကပ်စာစောင်များအား တက်ရောက်လာသော လူငယ်၊ လူရွယ်များက ဖတ်ရှုလေ့လာကြကြောင်းသိရသည်။

**အောင်လွင်ဌေး(ပြန်/ဆက်)**




# မိုင်းဖြတ်မြို့နယ်၌ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်



**မိုင်းဖြတ် မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြီးမှူး၍ ကျောင်းအခြေပြု ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းကို မေလ ၁၈ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့မှူး ဒေါ်မာလာယော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းတွင် ဆွေးနွေးပို့ချမည့် သင်ခန်းစာများကို မိတ်ဆက်ဆွေးနွေးသည်။ ထို့နောက် နည်းပြဆရာများက သင်ခန်းစာခေါင်းစဉ်အလိုက် စာတွေ့ဆွေးနွေးခြင်း၊ လက်တွေ့သင်ကြားခြင်းများကို ဆောင်ရွက်သည်။

အဆိုပါသင်တန်းကို မေလ ၁၈ ရက်မှ ၂၀ ရက်ထိ ရှေးဦးပြုစုရခြင်း၏ ရည်ရွယ်ချက်၊ လူနာအား ဆန်းစစ်ပုံအဆင့်ဆင့်၊ စနစ်တကျပတ်တီးစည်းနည်းများနှင့် လူနာသယ်ဆောင်နည်းများကို စာတွေ့၊ လက်တွေ့ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၃၀ ဦး တက်ရောက်ကြောင်း သိရသည်။

**သန်းထွန်းအေး(မိုင်းဖြတ်)**

လေရှူ၊ လမ်းလျှောက်၊ ရေသောက်ခြင်း၊

ကျန်းမာ၊ချမ်းသာ၊ ရောဂါကင်း။







## ချင်းပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ငွေကျပ်သန်း(၂၀၀)အထက် လုပ်ငန်းဖြစ်သော ရေပေးရေးလုပ်ငန်းဖြစ်သည့် ရေပိုက်နှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းနှင့် ဂါလန်(၁၀၀၀၀၀)ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်၊ နေရာ - ၁၉-၅-၂၀၂၅ ရက်(တနင်္လာနေ့) နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီထိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

(ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် - ၃-၆-၂၀၂၅ရက်(အင်္ဂါနေ့) မွန်းလွဲ(၁၄:၀၀)နာရီ

(ဂ) တင်ဒါလျှောက်လွှာ တင်သွင်းမည့်နေရာ - ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း အချိန်မီတင်သွင်းခြင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ဃ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်၊ အချိန်နှင့် နေရာ - သီးခြားထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဖုန်း(၀၉-၃၄၆၁၈၉၉၃၄၊ ၀၉-၄၃၀၁၀၁၃၈)နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၅/မမ/S & T | အချက်ပြနှင့်ဆက်သွယ်ရေးဌာန၏ လုပ်ငန်းသုံးပစ္စည်း(၆)မျိုး (က) 10 SWG Signal Wire (23-Tons), (ခ) Enamel Paints(၅)မျိုး၊ (ဂ) Battery (၄)မျိုး၊ (ဃ) Insulation Rail Joint For BS 75N Rail(150-Nos)၊ (င) 1.5mm$^2$ Single Wire (100m/coil)(200-Coils)၊ (စ) Voltage Stabillizer (10-Nos) |
| ၂ | ၁၆/မမ/S & T | ဆင်တောင်နှင့် ခွေးရုပ်ဘူတာ (၂)ဘူတာတွင် အချက်ပြနှင့် ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |
| ၃ | ၁၇/မမ/S & T | ရန်ကုန်မြို့ပတ်ရထားလမ်း အလိုအလျောက်လမ်းပိုင်းရှိ ကြိုးဆုံသေတ္တာ(LOC Box)များအား အကာအရံ ပြုလုပ်ခြင်းလုပ်ငန်း |
| ၄ | ၁၈/မမ/S & T | ရန်ကုန်-ရွာသာကြီး အလိုအလျောက်လမ်းပိုင်းရှိ ကြိုးဆုံသေတ္တာ(LOC Box)များအား အကာအရံ ပြုလုပ်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁)(၂)(၂-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၃)(၄)(၁၉-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၉-၅-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ချောက်ကြားကျေးရွာ အ.ထ.ကမှကျောင်းဝင်အမှတ် ၈၃၅၆(Grade-11)မှ မောင်ရှင်းရန်လင်း၏ဖခင် ဦးသန်းဇော်ဦး၏အမည်မှန်မှာ မောင်ဇော်ဇော် ၈/တတက(နိုင်)၁၄၂၂၁၄ ဖြစ်ပါကြောင်း။
မောင်ဇော်ဇော်

### ပျောက်ဆုံးကြောင်း
မောင်ချမ်းငြိမ်းသူ(ဘ)ဦးဆန်းဝင်း ၁၄/မမက(နိုင်)၂၉၀၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 996367)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၄၈၁၂၃၄

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ပျောက်ဆုံးကြောင်း
သီဟဝင်း(ဘ)ဦးဝင်းသိန်း ၁၂/ဥကတ(နိုင်)၁၅၁၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဥမ္မာကို(ဘ)ဦးကိုကိုလေး ၅/ကသန(နိုင်)၁၄၄၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၀၂၄၆၅၃

### ပျောက်ဆုံးကြောင်း
အိအိနိုင်(ဘ)ဦးဉာဏ်မြင့် ၁၄/ပပတ(နိုင်)၁၈၂၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၅၀၁၂၁၂

### ပျောက်ဆုံးကြောင်း
နှင်းယုခိုင်(ဘ)ဦးအောင်စံဝေ ၁၁/ရသတ(နိုင်)၀၅၆၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သက်သက်ခိုင်(ဘ)ဦးထွန်းကြည် ၇/ပခန(နိုင်)၁၉၅၆၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၁၇၇၅၂၅

### ပျောက်ဆုံးကြောင်း
အောင်မြင့်မော်(ဘ)ဦးမောင်မောင်ဦး ၁၂/သကတ(နိုင်)၁၅၃၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သုတအောင်(ဘ)ဦးမြင့်ဌေး ၇/ဒဥန(နိုင်)၁၈၈၆၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 829554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ထူးအောင်(ဘ)ဦးစိန်ဝင်း ၈/ပဖန(နိုင်)၁၂၃၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၄၇၂၇၅၆

### ပျောက်ဆုံးကြောင်း
လဖိုင်ထုအောင်(ဘ)ဦးလဖိုင်ခါး ၁/မစန(နိုင်)၀၂၈၃၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၂၅၀၂၄၄

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အ.ထ.က သရက်ကုန်းကျောင်း Grade-4 မှ မငုဝါခင်၏ ဖခင်အမည်မှန်မှာ ဦးဟံကိုဦး ၇/ကဝန(နိုင်)၀၉၄၈၅၃ ဖြစ်ပါကြောင်း။
ဦးဟံကိုဦး

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးအောင်(ဘ)ဦးသန်းနိုင်စိုး(ခ)သန်းလှိုင်စိုး ၁၄/ဝခမ(နိုင်)၂၈၅၀၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ရွှန်းလဲ့အောင်(ဘ)ဦးတင်လှ ၁၄/ဓနဖ(နိုင်)၂၀၅၃၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ကျော်ထက်ဆွေ(ဘ)ဦးစန်းလွင် ၁၄/ဝခမ(နိုင်)၃၅၅၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 739074)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၅၉၁၀၉၁

### ပျောက်ဆုံးကြောင်း
အောင်ဇော်ဝင်း(ဘ)ဦးကျော်သိန်း ၁၂/သဃက(နိုင်)၀၃၇၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၀၅၆၃၅

### ပျောက်ဆုံးကြောင်း
အိအိမွန်(ဘ)ဦးညိုမောင် ၉/လဝန(နိုင်)၂၇၅၃၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၀၆၃၃၈၉

### ပျောက်ဆုံးကြောင်း
ခိုင်စန္ဒီမြင့်ဝင်း(ဘ)ဦးမြင့်ဝင်း ၃/မဝတ(နိုင်)၀၁၈၁၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၃၀၉၉၉၇၅

### အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ရတနာပုံရပ်ကွက်၊ သပြေညို(၃)လမ်းနေ အဘ ဦးကြည်ညွန့်၏သား ဦးရဲဇော်လင်း၏ အမည်မှန်မှာ ဦးဇော်ရဲနိုင် ၇/ပတန(နိုင်)၀၉၆၁၉၈ ဖြစ်ပါကြောင်း။
ဦးဇော်ရဲနိုင်

### ပျောက်ဆုံးကြောင်း
ချန်အန်(ဘ)ဦးမြင့်ရှင်း ၁၃/လရန(နိုင်)၁၈၈၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကျောက်မော်ကြီးရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၂၆၇)နေ မကေဇင်လဲ့(ဘ)ဦးစိုးတင့် ၆/မမန(နိုင်)၁၇၆၃၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 413437)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၅၇၃၇၄၈

### ပျောက်ဆုံးကြောင်း
ပြည်မြို့၊ ရွာဘဲရပ်ကွက်နေ မြင့်မြင့်ဝင်း(ဘ)ဦးရွှေဝင်း ၇/ပမန(နိုင်)၀၉၉၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၇၄၁၃၄၉

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ စပါယ်လမ်းနေ နေလင်းအောင်(ဘ)ဦးစံရွှင် ၁၂/သကတ(နိုင်)၁၅၆၂၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၅၇၃၇၄၈

### ပျောက်ဆုံးကြောင်း
မအူပင်မြို့၊ မြဲဇေယျာ၊ (၇)ရပ်ကွက်နေ မနွေးဝင့်ဇင်(ဘ)ဦးမျိုးထွဋ် ၁၄/မအပ(နိုင်)၃၅၀၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 595121)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်လမ်း(၂၀)နေ ဇော်မျိုးထွန်း(ဘ)ဦးအေးဝင်း ၇/ပခန(နိုင်)၂၆၃၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လပွတ္တာမြို့၊ ကျောက်တန်းကလေးကျေးရွာအုပ်စု၊ ကျောက်တန်းကလေးကျေးရွာနေ ထက်ထက်လှိုင်(ဘ)ဦးမောင်မောင်မြင့် ၁၄/လပတ(နိုင်)၂၉၆၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၂၅၇၅၇

# အာဆီယံဒူးရင်းပွဲတော်တွင် ပါဝင်ပြသရန် မြန်မာလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထား

**ရန်ကုန် မေ ၁၉**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဩဂုတ်လအတွင်းကျင်းပမည့် ပထမအကြိမ် အာဆီယံဒူးရင်းပွဲတော်တွင် မြန်မာ့ဒူးရင်းမျိုးများ ပါဝင်ပြသရန် မြန်မာနိုင်ငံမှလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အဆိုပါအာဆီယံဒူးရင်းပွဲတော်ကို တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အာဆီယံ - တရုတ်စင်တာ (ASEAN–China Centre – ACC) မှ ကြီးမှူးကျင်းပမည်ဖြစ်သည်။

"ပထမအကြိမ် အာဆီယံဒူးရင်းပွဲတော်ကို ဩဂုတ်လအတွင်း Bridging Tastes ခေါင်းစဉ်နဲ့ ကျင်းပမှာဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကို ဒူးရင်းသီးနဲ့ ဒူးရင်းသီးအခြေခံထုတ်ကုန်တွေ ဒါမှမဟုတ် တခြားစားသောက်ကုန်တွေကို ပါဝင်ပြသဖို့ ဖိတ်ခေါ်ထားပါတယ်" ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးကပြောသည်။


အဆိုပါ ACC မှ သက်ဆိုင်ရာသံရုံးများအတွက် ပြခန်းတစ်ခု အခမဲ့စီစဉ်ပေးမည်ဖြစ်ပြီး ပါဝင်ပြသလိုသည့် သံရုံးများအနေဖြင့် ACC မှ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နိုင်ရန် Survey Questionnaire နှင့် QR Code Form များကို မေလ ၃၀ ရက်နောက်ဆုံးထား၍ ဖြည့်စွက်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ACC အနေဖြင့် မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ လာရောက်ပြသလိုပါက မြန်မာသံရုံးအတွက် စီစဉ်ပေးထားသည့်ပြခန်းနေရာတွင် ပါဝင်ပြသနိုင်မည်ဖြစ်ပြီး အသွားအပြန်လေယာဉ်လက်မှတ်ခနှင့် တည်းခိုစရိတ်များကို မိမိအစီအစဉ်ဖြင့် ကျခံရမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံမှလုပ်ငန်းရှင်များအနေဖြင့် ပထမအကြိမ် အာဆီယံဒူးရင်းပွဲတော်သို့ လူကိုယ်တိုင်တက်ရောက်၍သော်လည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်ပါက မိမိပြသလိုသည့်ထုတ်ကုန်ပစ္စည်းများကို ပေးပို့ခြင်းဖြင့်လည်းကောင်း ပါဝင်ပြသနိုင်ကြောင်း သိရသည်။

**ဝါဝါ**

## မိုးလေဝသ သတင်း




# တာမွေမြို့နယ်၌ ကဗျာရေးစပ်နည်းသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မေ ၁၉**



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မေလ ၁၈ ရက်က ကဗျာရေးစပ်နည်းသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က အဖွင့်အမှာစကားပြောကြားပြီး ဂီတစာဆို မျိုးနွယ်ဆွေ(စာရေးဆရာ မောင်နေသွင်)က သင်တန်း၌ ထူးချွန်ဆုရရှိခဲ့သည့် သင်တန်းသား၊ သင်တန်းသူများ၏ ကဗျာအရေးအသားများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကဗျာရေးစပ်နည်းသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က ဂီတစာဆို မျိုးနွယ်ဆွေ (စာရေးဆရာ မောင်နေသွင်)အား ဂါရဝပြု အမှတ်တရလက်ဆောင်ပေးအပ်ပြီး ဂီတစာဆို မျိုးနွယ်ဆွေ (စာရေးဆရာ မောင်နေသွင်)က သင်တန်းသား၊ သင်တန်းသူများအား ၎င်းကိုယ်တိုင်ရေးသားသီဆိုထားသော တေးစီးရီးခွေများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။ ယင်းနောက် သင်တန်းသား၊ သင်တန်းသူများက ခန်းမအတွင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါကဗျာရေးစပ်နည်းသင်တန်းကို မေလ ၁၂ ရက်မှ ၁၈ ရက်အထိ တစ်ပတ်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းကို ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ မြန်မာစာပေ၊ မြန်မာကဗျာ တည်တံ့ခိုင်မြဲတိုးတက်စေရန်၊ စကားပြေ၊ ကဗျာများကို ဝေဖန်အကဲဖြတ်နိုင်စေရန်၊ မြန်မာစာအရေးအသား မှန်ကန်ကျွမ်းကျင်တတ်မြောက်စေရန်၊ မြန်မာစာ၊ မြန်မာစကား၊ မြန်မာဝေါဟာရများကိုသိရှိနားလည်ပြီး မှန်ကန်ပိုင်နိုင်စွာသုံးတတ်စေရန်နှင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို အလေးထားထိန်းသိမ်းမြှင့်တင်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဗိုလ်ကိတ်ပဲ ဧက ၁၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

**သာပေါင်း မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဗိုလ်ကိတ်ပဲ ဧက ၁၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောကြားချက်အရ သိရသည်။

သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ၁၃၉၈၁ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် ဗိုလ်ကိတ်ပဲများကို မေလဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယခုအခါ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၃၇ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"သာပေါင်းမြို့နယ်အတွင်းမှာ ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ဧက ၁၃၀၀၀ ကျော်စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးပါပြီ။ ဗိုလ်ကိတ်ပဲတွေအပါအဝင် ဆောင်းသီးနှံတွေ အထွက်နှုန်းညီစေဖို့ ခရိုင်နဲ့မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်" ဟု ဒေါ်အေးအေးမူကပြောသည်။

သာပေါင်းမြို့နယ်၌ ဆောင်းသီးနှံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအပါအဝင် ဆီထွက်သီးနှံ မြေပဲများ အထွက်နှုန်းညီစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေးများ အသုံးပြုမှုမှန်ကန်စေရေးနည်းစနစ်များ၊ ဒေသမြေအနေအထားနှင့် မျိုးကောင်းမျိုးသန့်အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များ စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

# လွိုင်လင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများထုတ်ချေး

**လွိုင်လင် မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းကို မေလ ၁၉ ရက်တွင် ပင်လုံ(အရှေ့) ကျေးရွာအုပ်စု ဆင်တောင်ကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မေပိုးဦးက ဆင်တောင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရန်ပုံငွေများထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၂၁၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆင်တောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူများအတွက် ငွေကျပ်သိန်း ၂၁၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

# မရမ်းကုန်းနှင့်တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ




ဖမ်းဆီးရမိသူတစ်ဦးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၁၉

မရမ်းကုန်းနှင့်တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ယမန့်နေ့ နံနက် ၁၀ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် နှင်းဆီလမ်း နေတင်အောင်မြင့်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း) သုည ဒသမ ဝ၆ ကီလို(ဒေသတန်ဖိုးငွေကျပ် ၁၅ သိန်း)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၁၂၀)တို့ကိုလည်းကောင်း၊ အလားတူ မေလ ၁၇ ရက် ညနေ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံကျေးရွာအုပ်စု လွယ်စတုံ(အောက်)ကျေးရွာနေ တူးတူး(ခ) အားတူး၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ (ဒေသတန်ဖိုးငွေကျပ် ၁၂၆ သိန်း)ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အားမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ မြဝတီ

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် မေ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **မေလ ၁၆ ရက်**တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၃ ဒသမ ၈၉၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၂၉၅၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မေလ ၁၇ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁၈)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၈၂၂၁၀)ကိုလည်းကောင်း၊ **မေလ ၁၈ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Malaysia Airlines လေယာဉ်ခရီးစဉ်အမှတ် MH–740/ SF–4762 ဖြင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၃၂၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၃၃၄၂၁၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မေလ ၁၈ ရက်**တွင် ဘုရားကြီးမြို့၊ ဘောနတ်ကြီးကျေးရွာအနီး၌ သာမညမှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **မေလ ၁၉ ရက်**တွင် ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်သစ်မာ (သုည ဒသမ ၄၈၄)တန်၊ အခြားသစ် (၇ ဒသမ ၄၁၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၅၇၃၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇၁၅၇၃၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **မေလ ၁၉ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်၊ အောင်သာယာရပ်ကွက်၌ တရားမဝင်ကျွန်းသစ်(၅ ဒသမ ၇၆၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၃၉၇၁၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၉၆၃၉၇၁၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်၊ အငူမော်ကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်၊ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၆၀၉၂၆၁၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၆၀ | ၂၈၃၀ | ၂၇၆၅ | ၂၈၇၀ | ၂၈၈၅ | ၂၉၀၀ | ၂၈၂၀ | ၄၅၀၅ | ၃၁၁၅ | ၂၈၃၅ | ၂၈၄၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၉၅ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၅၆၀ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၄၃၀ | ၂၄၀၀ | ၂၃၃၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၉၀ | - | ၂၆၈၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၈၀ | ၂၄၄၅ | ၂၄၆၅ | ၂၇၂၀ |
| HSD (50 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | ၄၈၃၀ | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |
| HSD (10 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | - | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |

**မှတ်ချက်**။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၈၇ | ၂၆၇၂ |
| 95 Ron | ၂၆၄၂ | ၂၇၂၈ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၄၃ |
| HSD (50 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၈၉ | ၂၇၇၂ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


Smart p
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
DAGON
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
အရည်အသွေးမြင့်စားသောက်ကုန်များအပါအဝင်ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom
KHA YAE PIN MART
ကောင်းကြိုက်
RHINO
Lemon Tea
PYIN OO LWIN
NAN MYAING
TRISTAR

❖ **ဆရာတစ်ယောက်၏ ပညာအရည်အချင်းနှင့် စိတ်စေတနာတို့အပေါ်တွင် ကျောင်းသား၊ ကျောင်းသူတို့၏ ဘဝအကောင်းအဆိုးသည် တည်မှီနေသောကြောင့် ဆရာတို့တွင် ရှိအပ်သော ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာတို့ကို အမြဲတစေဖြည့်ဆည်းထိန်းသိမ်းကြရပါမည်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် မေ ၁၉

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက်ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် အဆိုပါ

**စာမျက်နှာ ၆ ကော်လံ ၁ ■**



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

ဆောင်းပါး

**မျိုးချစ်စိတ်တို့ ရှင်သန်စေသူရဲကောင်းတို့ ပျော်ရာမြေ** စာ - ၁၁ သို့

**လိမ်ညာဝါဒဖြန့်ချိမှု ပြည်သူတွေသတိပြု** စာ - ၂၂ သို့

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ “၂၀၂၅ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည့်အစီအစဉ်” အသိပေးကြေညာချက်** စာ - ၇ သို့

**အာဆီယံဒူးရင်းပွဲတော်တွင် ပါဝင်ပြသရန် မြန်မာလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထား** စာ - ၂၈ သို့

**ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပမည့် BADMINTON ASIA REGIONAL CHAMPIONSHIPS 2025 ပြိုင်ပွဲအတွက် ပဏာမလူရွေးချယ်ပွဲကျင်းပမည်** စာ - ၁၅ သို့

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**
၁၉-၅-၂၀၂၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| စစ်တွေ | ၂ | ဒသမ ၀၁ လက်မ | ကန်ကြီးထောင့် | ၁ | ဒသမ ၁၆ လက်မ | နမ့်စန် | သုည | ဒသမ ၉၄ လက်မ |
| လပွတ္တာ | ၁ | ဒသမ ၇၇ လက်မ | ခရမ်း | ၁ | ဒသမ ၀၆ လက်မ | (ရှမ်းပြည်နယ်တောင်ပိုင်း) | | |
| ငပုတော | ၁ | ဒသမ ၇၀ လက်မ | မှော်ဘီ | ၁ | ဒသမ ၀၆ လက်မ | ကလေးဝ | သုည | ဒသမ ၈၇ လက်မ |
| ကြို့ပင်ကောက် | ၁ | ဒသမ ၃၀ လက်မ | (စိုက်ပျိုးရေးမိုးလေဝသ) | | | မိုင်းယန်း | သုည | ဒသမ ၈၃ လက်မ |

